နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်အစီရင်ခံစာ၊ ၂၀၁၁ ခုနှစ်
ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာဗျူရို
အောက်တိုဘာ ၊ ၂၀၁၁ ခုနှစ်

မြန်မာနိုင်ငံ

လက်ရှိမြန်မာအစိုးရသည် အချို့ဘာသာရေးဆောင်ရွက်ချက်များအပေါ် ကန့်သတ်ချုပ်ချယ်ခြင်းများနှင့် ဘာသာရေးလွတ်လပ်ခွင့်ကို အပြည့်အဝပေးခြင်းမျိုးမရှိသော်လည်း အစိုးရထံမှတ်ပုံတင်စာရင်းသွင်းထားသော ဘာသာရေးအုပ်စုများကိုမူ မိမိတို့ယုံကြည်ရာ ကိုးကွယ်ခွင့်ပေးထားသည်ဟု ယေဘုယျအားဖြင့်ဆိုနိုင်သည်။ ၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံကို အလွန်ဖိနှိပ်ချုပ်ချယ်သော စစ်အာဏာရှင်အစိုးရများ မင်းမူအုပ်ချုပ်လာခဲ့ကြသည်။ အစိုးရက ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ခဲ့သည်ဟုဆိုကာ ၂၀၁၁ ခုနှစ် ဇန်နဝါရီတွင် ပါလီမန်သစ်ကို စတင်ဖွဲ့စည်းလိုက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ် နိဝင်ဘာ ၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲများတွင် မသင့်လျော်လွဲမှားမှုများ များစွာပါဝင်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် အလေးအနက် ဝေဖန်ထောက်ပြ ပြစ်တင်ပြောဆိုထားကြသည်။ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးရွေးကောက်ပွဲများတွင် အစိုးရမှ ကျောထောက်နောက်ခံပြုပေးထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ယူအက်စ်ဒီပီ)မှ နေရာအများစုကို အနိုင်ရရှိကြောင်း ကြေညာခဲ့သည်။ ဥပဒေပြုလွှတ်တော် အမတ်နေရာအားလုံး၏ ၂၅ ရာခိုင်နှုန်းမှာလည်း စစ်တပ်မှ တိုက်ရိုက်ခန့်အပ်သည့် စစ်အရာရှိများသာဖြစ်သည်။

ယခု အစီရင်ခံစာတင်သွင်းချိန်ကာလအတွင်း အစိုးရသည် ဘာသာရေးလွတ်လပ်ခွင့်ကို အကန့်အသတ်ဖြင့်သာ လေးစားမှုရှိနေသောအချက်မှာ ပြောင်းလဲခြင်းမရှိပေ။ ဘာသာရေးလှုပ်ရှားဆောင်ရွက်မှုများနှင့် အဖွဲ့အစည်းများအနေဖြင့် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်၊ ထူထောင်ဖွဲ့စည်းခွင့်နှင့် စုရုံးခွင့် စသော ကိစ္စရပ်များ၌ တားမြစ်ကန့်သတ်ချက်များ တွေ့ ကြုံခံစားနေကြရဆဲဖြစ်သည်။ အစိုးရသည် ဘာသာရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့အစည်းအားလုံး၏ တွေ့ဆုံစည်းဝေးပွဲများနှင့် လှုပ်ရှားမှုများကို ဆက်လက်စောင့်ကြည့်စစ်ဆေးနေဆဲပင်ဖြစ်သည်။ လူထုအများပါဝင်မည့် မည်သည့် ဘာသာရေးအခမ်းအနားမဆို ပြုလုပ်ကျင်းပလိုပါက အာဏာပိုင်များထံမှ ကြိုတင်ခွင့်ပြုချက်တောင်းခံရန် လိုအပ်သည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ လူ့အခွင့်အရေးနှင့် နိုင်ငံရေးလွတ်လပ်ခွင့်တို့အတွက် ကြိုးပမ်းမှုများကိုလည်း စဉ်ဆက်မပြတ် စနစ်တကျထိန်းချုပ်ထားဆဲဖြစ်သည်။ ၂၀၀၇ စက်တင်ဘာ ဒီမိုကရေစီရေးဆန္ဒပြမှုများကို အကြမ်းဖက်နှိမ်နင်းခဲ့ပြီးနောက် ထင်ရှားသော ဒီမိုကရေစီရေးလှုပ်ရှားသူ ဘုန်းတော်ကြီး ဦးဂမ္ဘီရအပါအဝင် ဗုဒ္ဓဘာသာရဟန်းတော်အများအပြား ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရပြီး ယခုအချိန်အထိ နှစ်ရှည်ထောင်ဒဏ်များ ကျခံနေကြရဆဲဖြစ်သည်။ အစိုးရသည် ထေရဝါဒဗုဒ္ဓဘာသာကို အခြားဘာသာများထက်ပို၍ အားပေးမြှင့်တင်ပြီး အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများကြား၌ ထိုအချက်က ပိုမိုသိသာထင်ရှားသည်။ ခရစ်ယာန်ဘာသာရေးအုပ်စုများသည် ၄င်းတို့ဝတ်ပြုကိုးကွယ်ရာ နေရာဌာနများကို ပြင်ဆင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်းကိစ္စများတွင် ခွင့်ပြုမိန့်ရရှိရန် ခက်ခက်ခဲခဲ ကြိုးပမ်းကြရသည်။ အစိုးရသည် မူဆလင်များ၏ ခရီးသွားလာမှုကဲ့သို့ လှုပ်ရှားမှုများအပေါ် တားမြစ်ကန့်သတ်ထားသည်များကို လျော့ပေးခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာနယ်မြေများနှင့် ရန်ကုန်မြို့ရှိ မူဆလင်အများစုနေထိုင်ရာဒေသများတွင် မည်သို့ပင်ဖြစ်စေ အစိုးရ၏ ယင်းကဲ့သို့ ဆောင်ရွက်မှုများသည် ယူအက်စ်ဒီပီကို ရွေးကောက်ပွဲ၌ အနိုင်ရရာရကြောင်း ဖြစ်စေခဲ့သည်ဟု သတင်းများ ထွက်ရှိလာခဲ့သည်။ အစိုးရသည် မူဆလင်များ၏လှုပ်ရှားဆောင်ရွက်မှုများကို အနီးကပ်တင်းကြပ်စွာ ဆက်လက် စောင့်ကြပ်ကြည့်ရှုနေဆဲလည်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သော အခြားလူနည်းစုများ၏ ကိုးကွယ်မှုများကိုလည်း ဆက်လက်ကန့်သတ် တားမြစ်လျက်ရှိဆဲဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သူများကို ဗုဒ္ဓဘာသာသို့ အတင်းအကြပ် ပြောင်းလဲသွတ်သွင်းကြောင်း သတင်းများ ထပ်မံပေါ်

ထွက်ခြင်းမရှိသော်လည်း မိဘမဲ့ကလေးများ၊ အိုးမဲ့အိမ်မဲ့ကလေးများကို နေရာချထားရာတွင် သြဇာဝင်ရောက်လွှမ်းမိုးပြီး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများကိုသာ အဓိက ဦးစားပေးသည်။ ထိုအချက်မှာ ခရစ်ယာန်အုပ်စုများ သို့မဟုတ် သာသနာပြုအဖွဲ့များ ၄င်းကိစ္စ၌ သြဇာမရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိသာထင်ရှားသည်။ အစိုးရနှင့် စစ်ဘက်ဆိုင်ရာ ထိပ်တန်းရာထူးများသို့ တိုးမြှင့်ခံရရေးတွင် ဗုဒ္ဓဘာသာဝင်ဖြစ်မှု သို့မဟုတ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းဝင်ရောက်မှုသည် ရေးသားပြဋ္ဌာန်းထားခြင်းမရှိသော်လည်း ကြိုတင်လိုအပ်ချက်တစ်ရပ်ပင် ဖြစ်နေသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စစ်ဘက်ထိပ်တန်း အရာရှိကြီးများအားလုံးနီးပါးမှာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ကြသည်။

အစီရင်ခံစာတင်သွင်းချိန်ကာလအတွင်း ဗုဒ္ဓဘာသာဝင်လူများစုနှင့် ခရစ်ယာန်၊ မူဆလင် လူနည်းစုများအကြား လူမှုရေးတင်းမာမှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ မူဆလင်အများစုဖြစ်သော တောင်အာရှနွယ်ဖွားများအပေါ် မလိုမုန်းတီးစိတ်များမှာ လူအဖွဲ့အစည်းအတွင်း ကျယ်ပြန့်စွာ ဆက်လက်ဖြစ်တည်နေသည်။ အစိုးရသည် မူဆလင် လူနည်းစု ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန် ဆက်လက်ငြင်းဆန်နေဆဲဖြစ်ပြီး ရိုဟင်ဂျာများ၏ ရွှေ့ပြောင်းသွားလာမှု၊ ထိမ်းမြားလက်ထပ်မှုများအပေါ် တားမြစ်ကန့်သတ်ချက်များ ဆက်လက်ပြဋ္ဌာန်းနေဆဲဖြစ်သည်။

အမေရိကန်အစိုးရသည် အစိုးရအရာရှိများ၊ ဘာသာရေး ခေါင်းဆောင်များ၊ တစ်သီးပုဂ္ဂလနိုင်ငံသားများ၊ ပညာရှင်များ၊ နိုင်ငံခြားသံတမန်များနှင့် နိုင်ငံတကာ စီးပွားရေးနှင့် မီဒီယာအသိုင်းအဝိုင်းမှ ကိုယ်စားပြုသူများအပါအဝင် လူအဖွဲ့အစည်းအတွင်းရှိ အလွှာအားလုံးကို ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ အခိုင်အမာရပ်တည်ပြောဆိုလျက်ရှိပါသည်။ အမေရိကန်သံရုံးအရာရှိများသည် ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဘာသာရေးခေါင်းဆောင်များကို အသေးစားရန်ပုံငွေများ ထောက်ပံ့ပေးခြင်း၊ သင်တန်းအစီအစဉ်များ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည့်အပြင် အခြားနည်းလမ်းများဖြင့် သတင်းအဆက်အသွယ်မရနိုင်သော လူ့အခွင့်အရေးဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဘာသာရေးခေါင်းဆောင်များကို သတင်းအချက်အလက်များ လက်ဆင့်ကမ်း မျှဝေ ပေးနေပါသည်။ ဘာသာရေးလွတ်လပ်ခွင့်အပေါ် ဆိုးရွားသော ချိုးဖောက်မှုများရှိခြင်းကြောင့် ၁၉၉၉ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမှ မြန်မာနိုင်ငံကို နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့်ဥပဒေအရ "အထူးစိုးရိမ်ရသောတိုင်းပြည်"တစ်ပြည်အဖြစ် သတ်မှတ်ခဲ့သည်။ အမေရိကန်အစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် နယ်ပယ်ကဏ္ဍအသီးသီးတို့၌ အရေးယူပိတ်ဆို့မှု နည်းလမ်းပေါင်းစုံကို လက်ရှိအချိန်ထိလည်း ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါသည်။

အပိုင်း ၁။ လူဦးရေအလိုက် ကိုးကွယ်ယုံကြည်မှု

မြန်မာနိုင်ငံသည် ဇရိယာစတုရန်းမိုင်ပေါင်း ၂၆၁၉၇၀ ကျယ်ဝန်းသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် လက်အောက်ခံ လူသားဖွံ့ဖြိုးမှုဆိုင်ရာ အစီရင်ခံစာ၏ ခန့်မှန်းတွက်ချက်မှုအရ နိုင်ငံ၏ လူဦးရေမှာ သန်း ၅၀ ရှိသည်။ ဗုဒ္ဓဘာသာနှင့်အတူ နက္ခတ်ဗေဒင်၊ ဂဏန်းလက်ဖွဲ့၊ အင်းအိုင်၊ ရှေ့ဖြစ်ဟောခြင်းနှင့် ဗုဒ္ဓခေတ်မတိုင်မီကတည်းက ဒေသတွင်း တည်ရှိနှင့်ပြီးသော ရိုးရာနတ်ကိုးကွယ်မှုများ ရောထွေးလျက်ရှိသည်။ ရှင်သာမဏေများအပါအဝင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးပေါင်း လေးသိန်းကျော်ရှိပြီး ၄င်းတို့၏ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး အပါအဝင် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များအတွက် လူဝတ်ကြောင် ဒါယိကာ၊ ဒါယိကာမများအပေါ် အမှီအခိုပြုနေရသည်။ ဗုဒ္ဓဘာသာသီလရှင် အရေအတွက်မှာမူ နည်းပါးသေးသည်။ အခြား အဓိကလူနည်းစုဘာသာများမှာ ခရစ်ယာန် (အခြေခံအားဖြင့် ဘက်ပတစ်၊ ရိုမန်ကက်သလစ်၊ ဇေဝဲဂေလိနှင့် အခြား ပရိုတက်စတင့် ဂိုဏ်းကွဲငယ်များ)၊ မူဆလင် (အများစုဆွန်နီ)၊ ဟိန္ဒူ၊ ရိုးရာတရုတ်နှင့် အခြားတိုင်းရင်းသားရိုးရာ ဘာသာရေး ယုံကြည်မှုများဖြစ်ကြသည်။ တရားဝင် ထုတ်ပြန်သောစာရင်းများအရ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ခရစ်ယာန် ၄ ရာခိုင်နှုန်းနှင့် မူဆလင် ၄ ရာခိုင်နှုန်း ကိုးကွယ်ယုံကြည်ကြသည်။ ထိုစာရင်းများတွင် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ဦးရေကို အချို့အစားအလိုက် လျှော့ပေါ့ဖော်ပြထားခြင်းမှာသေချာသလောက်ရှိသည်။ သီခြားလွတ်လပ်သော သုတေသနပြုသူများကမူ အစ္စလာမ်ဘာသာဝင်များမှာ လူဦးရေ၏ ၆ ရာခိုင်

နှုန်းနှင့် ၁၀ ရာခိုင်နှုန်းအကြားရှိမည်ဟု သတ်မှတ်ယူဆထားသည်။ ရန်ကုန်မြို့တွင် ဂျူးလူမျိုးအနည်းငယ်နှင့် ရဟူဒီ ဘုရားကျောင်း တစ်ကျောင်းရှိသော်လည်း ရဟူဒီ ဓမ္မဆရာ မရှိပေ။

မြန်မာနိုင်ငံသည် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများစွာ နေထိုင်ကြသည့် တိုင်းပြည်တစ်ပြည်ဖြစ်ပြီး လူမျိုးစုနှင့် ကိုးကွယ်သည့် ဘာသာရေးအကြား ဆက်နွယ်မှုတချို့လည်း ရှိနေသည်။ ထေရဝါဒဗုဒ္ဓဘာသာသည် ဗမာလူများစု တိုင်းရင်းသားများနှင့် ရှမ်း၊ ရခိုင်၊ မွန် လူနည်းစုတိုင်းရင်းသားများ အဓိက ကိုးကွယ်သောဘာသာဖြစ်သည်။ ကချင်၊ ချင်းနှင့် နာဂတိုင်းရင်းသားများကြားတွင် ခရစ်ယာန်ဘာသာ ပိုမိုပြန့်ပွားသည်။ ပရိုတက်စတင့် ခရစ်ယာန်အဖွဲ့များ၏ သတင်းပေးပို့မှုများအရ ချင်းပြည်နယ်အတွင်းရှိ ရိုးရာဝိညာဏ်က နတ်ကိုးကွယ်သူများကြားတွင် မကြာခင်ကာလများ၌ ပရိုတက်စတင့်ဘာသာ ကိုးကွယ်သူ အလျင်အမြန်တိုးပွားလာကြောင်း သိရသည်။ ကရင်နှင့် ကရင်နီတိုင်းရင်းသားများကြားတွင်လည်း ခရစ်ယာန်ဘာသာ ကိုးကွယ်သူ အများအပြားရှိသည်။ သို့သော် ဗုဒ္ဓဘာသာကိုးကွယ်သူ ကရင်နှင့် ကရင်နီတိုင်းရင်းသားများလည်း အများအပြားရှိပြီး အစ္စလာမ်ဘာသာဝင် ကရင်များလည်း ရှိသည်။ အိန္ဒိယနွယ်ဖွား မြန်မာနိုင်ငံသားအများစုသည် မြို့ကြီးများနှင့် နိုင်ငံအလယ်ပိုင်းဒေသ၏ တောင်ဘက်ခြမ်းတွင် အဓိက နေထိုင်ကြပြီး ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင် အများစုဖြစ်သည်။ သို့သော် ခရစ်ယာန်ဘာသာဝင်အချို့လည်းရှိသည်။ အစ္စလာမ်ဘာသာကို ရခိုင်ပြည်နယ်တွင် အဓိကကိုးကွယ်ကြပြီး ရန်ကုန်၊ ဇရောဝတီ၊ မကွေး၊ မန္တလေးတိုင်းများတွင်လည်း ဗမာ၊ အိန္ဒိယနှင့် ဘင်္ဂလီ တိုင်းရင်းသားများ ကိုးကွယ်မှုရှိကြသည်။ တရုတ်နွယ်ဖွား တိုင်းရင်းသားလူနည်းစုများသည် များသောအားဖြင့် ရိုးရာတရုတ်ဘာသာများကို ကိုးကွယ်ကြသည်။ တောင်တန်းဒေသများရှိ တိုင်းရင်းသားလနည်းစုငယ်များမှာ တိုင်းရင်းသားရိုးရာ ဘာသာတရားများ ကိုးကွယ်ကြသည်။ ထိုရိုးရာဘာသာများမှ ဆင်းသက်လာသော ဓလေ့ထုံးစံများကို အထူးအားဖြင့် ကျေးလက်ဒေသများရှိ ဗုဒ္ဓဘာသာဝင် အများအပြား လက်ခံကျင့်သုံးကြသော ရှေးရိုးစဉ်လာဓလေ့များအဖြစ် တွေ့ရလေ့ရှိသည်။

အပိုင်း ၂။ ဘာသာရေးလတ်လပ်ခွင့်အပေါ် အစိုးရ၏ လေးစားလိုက်နာမှု အခြေအနေ

ဥပဒေ/မူဝါဒရေးရာဆိုင်ရာ အခြေခံအခင်းအကျင်းများ

နောက်ဆက်တွဲ ဂ "လူ့အခွင့်အရေးများဆိုင်ရာ အမှုအကျင့်များ၊ နိုင်ငံအလိုက် အစီရင်ခံစာများ" အခန်း၌ နိုင်ငံတကာ တရားဝင်အဆင့်သတ်မှတ်ချက်များအပေါ် အစိုးရ၏လက်ခံမှုအနေအထားကို တင်ပြထားပါသည်။ ရည်ညွှန်း http://www. state.gov/g/drl/rls/hrrpt/2011/appendices/index.htm ၌ လေ့လာဖတ်ရှုရန်ဖြစ်ပါသည်။

အာဏာပိုင်ဝါဒ တင်းတင်းကျပ်ကျပ် ကျင့်သုံးသော စစ်အစိုးရများက မြန်မာနိုင်ငံကို ၁၉၆၂ ခုနှစ်ကတည်းကစ၍ အုပ်စိုးခဲ့သည်။ စစ်အစိုးရဖြစ်သော နအဖ အစိုးရသည် အခြေခံဥပဒေ သို့မဟုတ် ဥပဒေပြုအဖွဲ့အစည်းမရှိဘဲ တိုင်းပြည်ကို ၁၉၈၈ ခုနှစ်ကတည်းက စတင်အုပ်ချုပ်လာခဲ့သည်။ သို့သော် နအဖအစိုးရသည် လွှတ်တော်ကျင်းပချိန်တွင် စတင်အသက်ဝင်မည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံသစ်ကို ၉၂ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုကြောင်း ကြေညာခဲ့ရာ နိုင်ငံတကာ လေ့လာအကဲဖြတ်သူများက ထိုဆန္ဒခံယူပွဲသည် အခြေခံကျကျ မလျော်ကန်မှုအများအပြား ပါဝင်သည်ဟု ယုံကြည်ထားကြသည်။ နိုဝင်ဘာ ၇ ရက်နေ့၌ နအဖ အစိုးရက အမျိုးသားနှင့် ဒေသဆိုင်ရာရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ပေးခဲ့သည်။ နအဖ အစိုးရ ကျောထောက်နောက်ခံပြုပေးထားသော ယူအက်စ်ဒီပီမှ လွှတ်တော်နေရာအားလုံး၏ ၇၇ ရာခိုင်နှုန်း အနိုင်ရရှိခဲ့သည်။ ယူအက်စ်ဒီပီတွင် နအဖအစိုးရ ဝန်ကြီးများနှင့် အခြားအဆင့်မြင့် အရပ်ဘက်နှင့် စစ်ဘက်အရာရှိ များစွာပါဝင်ပြီး လွှတ်တော်အမတ်များ ဖြစ်လာခဲ့ကြသည်။ ရွေးကောက်ပွဲ၌ ဆန္ဒမဲ မသမာမှုရှိခဲ့ကြောင်း ဒီမိုကရေစီဘက်တော်သားများနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများမှ စောဒကများစွာ တင်ပြထားခဲ့ကြသည်။ ရွေးချယ်တင်မြှောက်ခံ လွှတ်တော်သစ်သည် မည်သည့်မူဝါဒအနေအထားဖြင့် ရေ့ဆက်မည်ဖြစ်ကြောင်း ရင်းလင်းမှု မရှိလှသေးပါ။ ၁၉၄၈ ခုနှစ် လွှတ်လပ်ရေးရပြီးခါနှိမ့်စ၍ လူနည်းစုတိုင်းရင်းသားများနေထိုင်ရာ ဒေသအများအပြားသည် အစားရကို ဆန့်ကျင်သော လက်နက်ကိုင်တော်လှန်ရေးသမားများ၏ အခြေစိုက်ရာနေရာများ ဖြစ်လာခဲ့ကြသည်။ ၁၉၈၉ ခုနှစ်နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများအပြားနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ရရှိခဲ့သော်လည်း ရှမ်း၊ ကရင်နှင့်

ကရင်နီ လက်နက်ကိုင်တော်လှန်ရေးများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ အစိုးရသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုယူထားသော ကချင်၊ ဝ နှင့် အခြားလက်နက်ကိုင် လူနည်းစုတိုင်းရင်းသားအုပ်စုများအပေါ် ဖိအားပေးခြင်းကို ဆက်လက်ထိန်းသိမ်းထားပြီး မြန်မာစစ်တပ် လွှမ်းမိုးချုပ်ကိုင်သည့် နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ပြောင်းလဲစေရေး လုပ်ဆောင်လာနေခဲ့သည်။ ယနေ့အထိ အုပ်စုအများစုက ထိုသို့ အသွင်ကူးပြောင်းရန် ငြင်းဆန်နေကြဆဲဖြစ်သည်။ အစိုးရသည် ဘာသာရေးလွတ်လပ်ခွင့်ကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဗဟိုအစိုးရချုပ်ကိုင်မှုတို့အပေါ် ခြိမ်းခြောက်နိုင်မည့် အလားအလာရှိ ကိစ္စရပ်များအဖြစ် ရှုမြင်နေ သည်။

အစိုးရမှ တရားဝင်အသိအမှတ်ပြုထားသော ဘာသာရေးအုပ်စုများ၏ ကိုးကွယ်သူအများစုသည် မိမိတို့ရွေးချယ်ထားသော ဘာသာကို လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်ခွင့်ရှိသည်ဆိုသော်ငြား အစိုးရက အချို့ ဘာသာရေးဆောင်ရွက်ချက်များအပေါ် တားမြစ်ကန့်သတ်ချက်များ ထုတ်ပြန်ထားပြီး ဘာသာရေးလွတ်လပ်ခွင့်ကို မကြာခဏ ထိန်းချုပ်ကန့်သတ်လေ့ရှိသည်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ တရားဝင် အသိအမှတ်ပြုခြင်းမခံရသော ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာ မူဆလင်များကဲ့သို့ တိုင်းရင်းသားလူနည်းစုများမှ ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး ဥပဒေများ၏ အကာအကွယ်ကို မရရှိကြပေ။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပထမအကြိမ် အမျိုးသားလွှတ်တော်ကျင်းပခြင်းနှင့်အတူ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှ စတင်အသက်ဝင်ခဲ့သည်။ သို့သော် အစိုးရသည် အထက်ဖော်ပြပါ ကိစ္စရပ်တွင် တစ်စုံတစ်ရာ ကြေညာချက်ထုတ်ပြန်ခြင်းမျိုး မရှိခဲ့ပေ။ အစိုးရသည် ဘာသာရေးမဟုတ်သော ဥပဒေများကို ဘာသာရေးနှင့် နိုင်ငံရေးဆောင်ရွက်သူများအပေါ် ဦးတည်ပြဋ္ဌာန်းကျင့်သုံးဆဲဖြစ်ပြီး အီလက်ထရွန်းနစ် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ၊ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် မတရားအသင်း ဥပဒေများဖြင့် အရေးယူအပြစ်ပေးလေ့ရှိသည်။

ဥပဒေက သာသနာ့ဝန်ထမ်းအဆင့်ဆင့်အား ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို တားမြစ်ထားသည်။ ၂၀၁၀ ပြည့်နှစ် မတ်တွင် ပြဋ္ဌာန်းခဲ့သော ရွေးကောက်ပွဲဥပဒေများအရ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်နှင့် ဟိန္ဒူ သာသနာ့ဝန်ထမ်းအဆင့်ဆင့် (ခရစ်ယာန်ဘုန်းတော်ကြီး၊ ရဟန်းနှင့် သီလရှင်)များအား ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်း၊ နိုင်ငံရေးပါတီများတွင် ပါဝင်ခြင်းမပြုရန် တားမြစ်ထားသည်။ ယခင်ရွေးကောက်ပွဲဥပဒေများကဲ့သို့ တားမြစ်မှုများ ဖြစ်ကြသည်။ ယခု အသစ်ပြဋ္ဌာန်းသော ဥပဒေများတွင် မူဆလင်များအတွက် တစ်စုံတစ်ရာ ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

တိုင်းပြည်တွင် တရားဝင်နိုင်ငံတော်ဘာသာဟူ၍ မရှိသော်လည်း အစိုးရက ထေရဝါဒဗုဒ္ဓဘာသာကို ဆက်လက် အလေးပေးလျက်ရှိသည်။ အစိုးရ ဝါဒဖြန့်ချိရေးနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ ဆောက်လုပ်လှူဒါန်းခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ကူညီအားပေးခြင်း၊ ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများအတွက် ထောက်ပံ့ခြင်း စသော နိုင်ငံတော်မှပေးသည့် အထောက်အပံ့များတို့ဖြင့် ထေရဝါဒဗုဒ္ဓဘာသာကို ထောက်ခံအားပေးမှုများ ပြုလုပ်လျက်ရှိသည်။ လက်တွေ့အားဖြင့်လည်း စစ်ဘက်နှင့် အရပ်ဘက် ထိပ်တန်းရာထူးများအား ဗုဒ္ဓဘာသာဝင်များကိုသာ တိုးမြှင့်ပေးလျက်ရှိသည်။

နိုင်ငံတော်က ထိန်းချုပ်ထားသော မီဒီယာများတွင် အစိုးရတာဝန်ရှိသူများနှင့် မိသားစုများ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကို သွားရောက်ဖူးမြော်နေပုံများ၊ စေတီပုထိုးများ၌ ဒါနပြုနေပုံများ၊ စေတီပုထိုးသစ်များ တည်ခြင်း၊ အဟောင်းများပြုပြင် မွမ်းမံ ထိန်းသိမ်းခြင်း စသော အခမ်းအနားများသို့ တရားဝင်တက်ရောက်ခြင်း၊ ပြည်သူလူထုမှ စေတနာအလျောက် လှူဒါန်းသည်ဟု ယူဆရသော လှူဒါန်းငွေများ၊ စားနပ်ရိက္ခာများ၊ နိုင်ငံတစ်ဝန်းရှိ စေတီပုထိုးများ ဆောက်လုပ်ရန်နှင့် ပြုပြင်မွမ်းမံရေးအတွက် အခမဲ့ လုပ်အားဒါနပြုခြင်းများကို စုစည်းဆောင်ရွက်ပေးခြင်း စသော သတင်းများကို မကြာခဏ ဖော်ပြလေ့ရှိသည်။ နိုင်ငံတော်ပိုင် သတင်းစာများတွင် မျက်နှာဖုံးခေါင်းစီးများ၌ ဗုဒ္ဓဘာသာကျမ်းဂန်များမှ အဆိုအမိန့်များ မကြာခဏ ကိုးကားဖော်ပြမှုများ ရှိနေသည်။ အစိုးရသည် ဗုဒ္ဓဘာသာအဆုံးအမများကို ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေမှုများလည်း ပြုလုပ်လေ့ရှိသည်။

အစိုးရသည် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ လူပ်ရှားဆောင်ရွက်ချက်များနှင့် ဆန္ဒထုတ်ဖော်မှုများကို ထိန်းချုပ်ထားသော်လည်း အချို့သံဃာတော်များက ထိုထိန်းချုပ်မှုများကို ဆန့်ကျင်တွန်းလှန်ရန် ကြိုးစားကြသည်။ ၁၉၉၀ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေအရ အစိုးရမှ တရားဝင်အသိအမှတ်ပြုထားသော သံဃာဂိုဏ်းကိုးဂိုဏ်းမှလွဲ၍ ကျန်ဂိုဏ်းများကို တရားမဝင်ဟု တားမြစ်ကန့်သတ်ထားသည်။ ထိုတားမြစ်ချက်ကို ဆန့်ကျင်ပါက လူသူပရိသတ်ရှေ့မှောက် ချက်ချင်း လူဝတ်လဲစေခြင်းနှင့် ရာဇဝတ်ကြောင်းအရ

အရေးယူခြင်းခံရမည်ဖြစ်သည်။ တရားဝင်ဂိုဏ်းကိုးဂိုဏ်းသည် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ အမိန့်အာဏာကို ခံယူရသည်။ သံဃာ့မဟာနာယကအဖွဲ့ဝင်များကို တိုက်ရိုက်မဟုတ်သောနည်းလမ်းဖြင့် သံဃာများက ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်သည်။

သာသနာရေးဝန်ကြီးဌာနအောက်ရှိ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနသည် အစိုးရနှင့် ဗုဒ္ဓဘာသာ ရဟန်းတော်များ၊ စာသင်တိုက်များအကြား ဆက်ဆံရေးကို စီမံထိန်းချုပ်သည်။ အစိုးရက ရန်ကုန်နှင့် မန္တလေးရှိ သံဃာတက္ကသိုလ်နှစ်ခုကို ရံပုံငွေထောက်ပံ့ကူညီသည်။ ထိုတက္ကသိုလ်နှစ်ခုတွင် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့၏ အာဏာစက်အောက်မှ ရဟန်းတော်များ တက်ရောက်သင်ယူကြသည်။ ၁၉၉၈ ခုနှစ်တွင် ရန်ကုန်မြို့ ၌ စတင်ဖွင့်လှစ်ခဲ့သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကို နိုင်ငံတော်က တိုက်ရိုက်ထောက်ပံ့ပြီး "ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် တိုင်းပြည်၏ အသိပညာအမွေအနှစ်များကို ကျန် ကမ္ဘာသူ၊ ကမ္ဘာသားများအား ဝေမျှရန်" ဟူသော ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်သည်။

အစိုးရမူလတန်းကျောင်းများအားလုံး၏ ပြဋ္ဌာန်းဖတ်စာများထဲတွင် ဗုဒ္ဓဘာသာအဆုံးအမများကို တစ်စိတ်တစ်ပိုင်း ထည့်သွင်းထားသည်။ ကျောင်းသားများသည် ထိုဖတ်စာများပါ ဗုဒ္ဓဘာသာအဆုံးအမများကို မသင်ဘဲနေနိုင်ခွင့်ရှိသော်လည်း နေ့စဉ်နေ့တိုင်း ကျောင်းများတွင် ဗုဒ္ဓဘာသာ ဘုရားရှိခိုးများ ရွတ်ဖတ်ကြရသည်။ အချို့သောကျောင်းများနှင့် ဆရာများက ထိုသို့ ဘုရားစာများရွတ်ဖတ်နေချိန်တွင် မူဆလင်ကျောင်းသားများကို အတန်းပြင်ထွက်နေခွင့်ပြုသော်လည်း ဗုဒ္ဓဘာသာမဟုတ်သော ကျောင်းသားများအားလုံးကို ထိုသို့ခြွင်းချက်မျိုးများ တစ်သမတ်တည်း ပေးမည်ဟု မယူဆနိုင်ပေ။

အစိုးရသည် ဘာသာရေးအထိမ်းအမှတ်နေ့များအဖြစ် တပေါင်းလပြည့်နေ့၊ သင်္ကြန်ရေသဘင်ပွဲတော်ကာလ လေးရက်၊ ဗုဒ္ဓဘာသာနှစ်သစ်ကူးရက်၊ ကဆုန်လပြည့်နေ့၊ ဝါဆိုလပြည့်နေ့၊ သီတင်းကျွတ်လပြည့်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့နှင့် ခရစ္စမတ်နေ့တို့ကို အစိုးရရုံးပိတ်ရက်များအဖြစ် သတ်မှတ်ထားသည်။ ဒီပါဝလီနေ့နှင့် ဘက္ကရီအီးဒ်နေ့များကို နိုင်ငံပိုင်သတင်းစာများမှ ကြေညာ၍ ရုံးပိတ်ပေးလေ့ရှိသည်။

၁၉၆၀ ပြည့်လွန်နှစ်များမှစ၍ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာရေးအုပ်စုများသည် ဘာသာရေးစာပေများကို ပြည်တွင်းသို့တင်သွင်းရာ၌ အခက်အခဲများစွာရှိသည်။ ဘာသာရေးနှင့် လောကီရေးအပါအဝင် ပုံနှိပ်ထုတ်ဝေခြင်းများအားလုံးသည် ဆင်ဆာအဖွဲ့မှ စိစစ်တည်းဖြတ်ခြင်းနှင့် အခြား ကန့်သတ်ထိန်းချုပ်မှုများစွာအောက် ဖြတ်သန်းကြရပြီး ခွင့်ပြုချက် တောင်းခံကြရသည်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွင်းက ခွင့်ပြုချက်မရဘဲ အစ္စလာမ်သတင်းလွှာများ ဖြန့်ချိမှုဖြင့် မူဆလင်ခြောက်ဦး အဖမ်းခံရသည်။ နောက်ပိုင်း၌ ငါးဦးကို ပြန်လွှတ် (သုံးဦးကို ဒဏ်ငွေတပ်)ပေးခဲ့သော်ငြား နိဝင်ဘာထဲ၌ ခေါင်းဆောင်သူအဖြစ် အပြစ်ရှိ၍ ပုံနှိပ်သူနှင့် ထုတ်ဝေသူ မှတ်ပုံတင်ရေးအက်ဥပဒေအရ တရားရုံးချုပ်မှ ကျန်မူဆလင်တစ်ဦးအား ထောင်ဒဏ်တစ်နှစ် အပြစ်ပေးခဲ့သည်။ တိုင်းရင်းသားစာပေဖြင့် ပြန်ဆိုထားသော သမ္မာကျမ်းစာအုပ်များကို နိုင်ငံရပ်ခြားမှ တင်သွင်းခြင်းသည်လည်း တရားမဝင်ပေ။ ကိုရန်ကျမ်းအပါအဝင် ဘာသာရေးကျမ်းဂန်များကို (တစ်ကိုယ်ရေသုံးဖြစ်သည်ဟု စာအုပ်များပေါ်၌ဖော်ပြ၍) ပြည်တွင်း၌ ပုံနှိပ်ခြင်းနှင့် မိတ္တူကူးခြင်းတို့ကို စောင်ရေအကန့်အသတ်ဖြင့် အခါအားလျော်စွာ အာဏာပိုင်များကခွင့်ပြုပြီး တိုင်းရင်းသားစကား စာပေဖြင့် ပြန်ဆိုထားသည် များကို အစိုးရဆင်ဆာအဖွဲ့သို့ တင်ပြစရာမလိုပေ။

ဘာသာရေးအသင်းအဖွဲ့များသည် အစိုးရထံတွင် မှတ်ပုံတင်ရန်မလိုအပ်။ သို့ငြား ထိုအသင်းအဖွဲ့များသည် (ဘာသာရေး သင်ကြားပို့ချခြင်းကဲ့သို့) လှူပ်ရှားမှုတချို့ဆောင်ရွက်လိုပါက အစိုးရထံမှ ခွင့်ပြုချက် မဖြစ်မနေရယူရန် လိုအပ်သည်။

အစိုးရသည် ဗုဒ္ဓဘာသာမဟုတ်သော ဘာသာများသို့ သိမ်းသွင်းခြင်းကို အားမပေးပေ။ ထိုတားမြစ်ချက်များသည် အချို့ခရစ်ယာန်ဂိုဏ်းကွဲများနှင့် အစ္စလာမ်ဘာသာအပေါ် အဓိက သက်ရောက်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များ အလယ်လောက်မှစ၍ အစိုးရသည် နိုင်ငံအတွင်းအမြဲတမ်းနေထိုင်မည့် ပြည်ပသာသနာပြုများကို လက်မခံတော့ပေ။ ထိုစဉ်က နိုင်ငံခြားသာသနာပြုအဖွဲ့အားလုံးကို နိုင်ငံတွင်းမှနှင်ထုတ်ခဲ့ပြီး ပုဂ္ဂလိကကျောင်းများနှင့် ဆေးရုံများအားလုံးကို ပြည်သူပိုင်အဖြစ် သိမ်းယူခဲ့သည်။ ထိုသို့ကြီးမားစွာ နိုင်ငံပိုင်ပြုလုပ်ရာတွင် အစိုးရမှ လျော်ကြေးတစ်စုံတစ်ရာပေးခဲ့သည်ဟု ကြားသိရခြင်းမျိုး လုံးဝမရှိခဲ့ပါ။

နိုင်ငံသားများနှင့် နိုင်ငံအတွင်း အမြဲတမ်းနေထိုင်ခွင့်ရသူများသည် အစိုးရက ထုတ်ပေးထားသော အမျိုးသားမှတ်ပုံတင်ကတ်ပြား (နိုင်ငံသားစိစစ်ရေးကတ်ဟုလည်း သိကြသည်)များကို ကိုင်ဆောင်ထားရန် လိုအပ်သည်။ ထိုကတ်ပြားများတွင် ကိုးကွယ်သည့် ဘာသာနှင့် လူမျိုးကို ဖော်ပြထားသည်။ သို့သော် ထိုကတ်ပြားပေါ်တွင် နိုင်ငံသား ကိုးကွယ်သည့်ဘာသာကို ဖော်ပြရာ၌ စံအဖြစ် တစ်သမတ်တည်း အသုံးပြုသည့် ဘာသာရေးအမျိုးအစားများ ခွဲခြားမှုတော့မရှိပါ။ နိုင်ငံသားများသည် မိမိတို့ကိုးကွယ်သည့်ဘာသာကို နိုင်ငံကူးလက်မှတ်ကဲ့သို့ တရားဝင် စာရွက်စာတမ်း အထောက်အထားများလျှောက်ထားရာ၌လည်း ထည့်သွင်းဖော်ပြကြရသည်။ သို့သော် နိုင်ငံကူးလက်မှတ်ထဲ၌မူ ကိုးကွယ်သည့်ဘာသာကို ဖော်ပြမထားပေ။ တိုင်းရင်းသားလူနည်းစုများ၊ အခြားဘာသာဝင်များသည် အမျိုးသားမှတ်ပုံတင်ကတ်ပြားများရရှိနိုင်ရန် အခက်အခဲများစွာ ကြုံတွေ့ကြရလေ့ရှိပြီး မူဆလင်များအတွက် ပို၍ဆိုးရွားသည်။

ဘာသာရေးလွတ်လပ်ခွင့်အပေါ် တားမြစ်ကန့်သတ်မှုများ

အစိုးရသည် ဘာသာရေးလွတ်လပ်ခွင့်ကို တားမြစ်ကန့်သတ်ရန်အတွက် ဥပဒေများကို စနစ်တကျရွေးချယ်ကျင့်သုံးမှုများရှိသည်။ ယခုအစီရင်ခံစာ တင်သွင်းချိန်အတွင်း နအဖသည် ဘာသာရေး၊ လူမျိုးရေး၊ ကျား–မ၊ မသန်စွမ်းမှု၊ ဘာသာစကားနှင့် သို့မဟုတ် လူမှုအနေအထားတို့နှင့်ဆက်စပ်၍ ခွဲခြားဆက်ဆံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အခြားဥပဒေအရ ပြဋ္ဌာန်းချက်များ လုံးဝမရှိဘဲ ဒီကရီအမိန့်များဖြင့်သာ ဆုံးဖြတ်အုပ်ချုပ်လေ့ရှိခဲ့သည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် လွှတ်တော်သစ်ဖွဲ့စည်းပေါ်ပေါက်ပြီးချိန်မှ အာဏာတည်ကျင့်သုံးနိုင်ခဲ့သည်။) ဘာသာရေးအသင်းအဖွဲ့များသည် လွတ်လပ်စွာ ထုတ်ဖော်ဆန္ဒပြခြင်းနှင့် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်များကို တားမြစ်ကန့်သတ်ချက်များအောက်၌သာ ရရှိကြသည်။ အစိုးရ၏ ပြည်တွင်းလုံခြုံရေးယန္တရားမှာ နေရာအနှံ့ ထိုးဖောက်ဝင်ရောက်ပြီး အဖွဲ့အစည်းအား လုံးဖ၏ အစည်းအဝေးများ၊ လှုပ်ရှားဆောက်ရွက်မှုများကို စောင့်ကြည့်ခြင်း၊ အဖွဲ့အစည်းအတွင်း စိမ့်ဝင်ထိုးဖောက်ခြင်း စသော တစ်ဦးချင်းနှင့် စုပေါင်းဘာသာရေးဆောင်ရွက်ခြင်းများအပေါ် မြင်သာသည့် တားမြစ်ကန့်သတ်ချက်များ ချမှတ်ကျင့်သုံးသည်။ ဘာသာရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေမှုများနှင့် တစ်ခါတစ်ရံ ဟောတရားများအပါအဝင် မီဒီယာအားလုံးကို ဆင်ဆာတည်းဖြတ်မှုများနှင့် အခြားထိန်းချုပ်မှုများအောက်၌သာထားရှိပြီး ဘာသာရေးအရ စုရုံးမှုများကို မကြာခဏ ဟန့်တားနှောင့်ယှက်လေ့ရှိသည်။

အာဏာပိုင်များက ခရစ်ယာန်နှင့် မူဆလင်ရိုးရာအားလပ်ရက်များ၌ စုရုံးကျင်းပရေးတောင်းဆိုမှုများကို ခွင့်ပြုရန် မကြာခဏငြင်းဆိုလေ့ရှိပြီး ပွဲတော်ကျင်းပလိုသူများ၊ အထူးသဖြင့် မူဆလင်များ တစ်နေရာတည်း၌ စုရုံးခွင့်ကို တားမြစ်လေ့ရှိသည်။ ချင်းပြည်နယ်မှာ ခရစ်ယာန်ဘာသာဝင်အများစုရှိနေ၍ ဥပမာကောင်းဖြစ်သည်။ ချင်းပြည်နယ်အတွင်းရှိ ခရစ်ယာန်ဘုရားကျောင်းများသည် ဘာသာရေးအခမ်းအနားများ ကျင်းပခွင့်ရရန် အာဏာပိုင်များထံ နှစ်လမှ သုံးလအထိ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံကြရလေ့ရှိသည်။ (သို့သော် အာဏာပိုင်များက ထိုသို့ကြိုတင်လျှောက်ထားမှုများကိုမူ ခွင့်ပြုပေးလေ့ရှိသည်။) နေရာတစ်နေရာ၌ စုရုံးဝတ်ပြု ဆုတောင်းနိုင်သော အများဆုံး မူဆလင်ဦးရေကိုလည်း ကန့်သတ်ထားသည်။ ဥပမာအားဖြင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်ရှိ မြို့ငယ်များတွင် အထင်ကရ မူဆလင် ဘာသာရေးကာလများမှလွဲ၍ ကျန်ကာလများတွင် ဝတ်ပြုခြင်းနှင့် ဘာသာရေးသင်တန်းပေးခြင်းတို့ကို ပြုလုပ်ခွင့်မပေးပေ။ ယခု အစီရင်ခံစာတင်သွင်းချိန်တွင် ရန်ကုန်နှင့်မန္တလေးမြို့ကြီးများရှိ မူဆလင်ဗလီများ၌ ဝတ်ပြုဆုတောင်းရန်အတွက် နှိုးဆော်မှု (အဇမ်)ပြုလုပ်ရာတွင် လော်စပီကာ အသုံးပြုခွင့် မပေးပေ။ အစိုးရက ထိုသို့ပိတ်ပင်ရခြင်းမှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ စိတ်အနှောင့်အယှက် ဖြစ်စေနိုင်သောကြောင့်ဟု အကြောင်းပြသည်။

အစိုးရသည် လူနည်းစု ဘာသာရေးကိုးကွယ်သော အုပ်စုများအပေါ် ခွဲခြားကန့်သတ်မှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။ ပညာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ၊ ဘုရားကျောင်းနှင့်ဗလီများ အသစ်တည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းတို့တွင် ကန့်သတ်ချက်များစွာထားရှိသည်။ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးသွားသော ဘုရားကျောင်းနှင့် ဗလီများပြန်လည်တည်ဆောက်ရန် အာဏာပိုင်များက ခွင့်မပြုဘဲ အသေးစားပြင်ဆင်မှုများကိုသာ ခွင့်ပြုခဲ့သည်။

အစိုးရအာဏာပိုင်များသည် အချို့သောဒေသများတွင် ခရစ်ယာန်ဘာသာသို့ သာသနာပြုခြင်းကို တားမြစ်ကန့်သတ်ထားသည်။ တစ်ခါတစ်ရံတွင် အာဏာပိုင်များက ခရစ်ယာန်ဘုန်းတော်ကြီးများ အခြားမြို့နယ်များသို့ ပြောင်းရွှေ့နေထိုင်ခွင့်ကို တားမြစ်ကန့်သတ်ကြောင်း ခရစ်ယာန်ဘာသာရေးအဖွဲ့များက အစီရင်ခံကြသည်။ သို့သော် ထိုသို့တားမြစ်မှုမျိုးမှာ ရပ်ရွာလူထုနှင့် ဒေသအာဏာပိုင်တစ်ဦးချင်းပေါ်တွင်မူတည်ပြီး အကျယ်တပြန့် ကျင့်သုံးနေခြင်းမျိုးမဟုတ်ဟု ဆိုကြသည်။ ဗုဒ္ဓဘာသာ အဓိက သြဇာလွှမ်းမိုးသော ဒေသများ၌ပင် ခရစ်ယာန်ဘုရားကျောင်းအဖွဲ့ဝင်များ တိုးပွားလာလျက်ရှိသည်ဟု ခရစ်ယာန်အုပ်စုများက ဆိုကြသည်။

သမ္မာကျမ်းစာ၊ ကိုရန်နှင့် အခြား ခရစ်ယာန်နှင့် မူဆလင်ဘာသာရေးစာပေကျမ်းဂန်များ ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေမှုကို အစိုးရဆင်ဆာကန့်သတ်ခြင်းများ ဆက်လက်ပြဋ္ဌာန်းထားရှိသည်။ အထင်ရှားဆုံး တားမြစ်မှုတစ်ခုမှာ ခရစ်ယာန်နှင့် မူဆလင်ဘာသာရေးစာပေများတွင် သုံးခွင့်မရှိသော စကားလုံး ၁၀၀ ကျော်ပါ စာရင်းဖြစ်သည်။ ထိုစကားလုံးများမှာ "မြန်မာတိုင်းရင်းသားစကားလုံးများ" သို့မဟုတ် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များ၌ ရှေးအစဉ်အဆက်ကတည်းက သုံးစွဲခဲ့သော ပါဠိဝေါဟာရများဖြစ်ကြသည်။ နိုင်ငံတွင်းရှိ ခရစ်ယာန်နှင့် မူဆလင်ဘာသာရေးအဖွဲ့ဘချို့သည် ကိုလိုနီခေတ်ကတည်းက ထိုစကားလုံးများကို သုံးစွဲလာခဲ့သည်။ ဗုဒ္ဓစာပေကျမ်းဂန်များနှင့် မသက်ဆိုင်သော စာသားများကို ဘာသာပြန်ဆိုပုံနှိပ်ဖော်ပြသော မူဆလင်အဖွဲ့တချို့က ထိုကန့်သတ်ချက်များအပေါ် အယူခံဝင်သော်လည်း အာဏာပိုင်များက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိပေ။ ထို့ပြင် သမ္မာကျမ်းစာ၊ ဓမ္မကျမ်းဟောင်းနှင့် ကိုရန်ကျမ်းမှ တချို့စာသားများကိုလည်း ဘာသာဝင်မဟုတ်သူများအပေါ် အကြမ်းဖက်ရန် လှုံ့ဆော်ပေးရာရောက်နိုင်သည်ဟု အကြောင်းပြ၍ ဆင်ဆာက ကန့်သတ်တားမြစ်ထားခြင်းများလည်း ရှိသည်။

နိုင်ငံတွင်းတင်သွင်းသော သမ္မာကျမ်းစာနှင့် ကိုရန်ကျမ်းစာအုပ်များ အရေအတွက်ကို အာဏာပိုင်များက ကန့်သတ်ထားသော်လည်း လူတစ်ဦးချင်းဆီက မိမိတစ်ကိုယ်ရေသုံးရန် အရေအတွက် အနည်းငယ်စီ တင်သွင်းလာမှုများ အမြဲရှိနေသည်။ နယ်စပ်ဝင်ပေါက်များတွင် သမ္မာကျမ်းစာနှင့် ကိုရန်ကျမ်းစာအုပ်များ တင်သွင်းမှုကို ပိတ်ပင်တားဆီးသည်မျိုး မကြားသိရပေ။

ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် သမ္မာကျမ်းစာသင်ကျောင်းများ ဖွင့်လှစ်ထားရှိကြပြီး မူဆလင် ဘာသာရေးကျောင်းမဒရဆာများလည်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ယင်းတို့ထဲမှ အချို့သောကျောင်းများသည် နိုင်ငံတွင် အထင်ကရ ခရစ်ယာန်အသင်းတော်တချို့ စုဖွဲ့ထားသော မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီတွင် မှတ်ပုံတင်ထားခြင်းမရှိလည်း အစိုးရ၏ဝင်ရောက်စွက်ဖက်မှုမရှိဘဲနှင့် လုပ်ငန်းဆောင်ရွက်နိုင်ကြသည်။ ၂၀၁၈ ခုနှစ် မေ နာဂစ်ဆိုင်ကလုန်း တိုက်ခတ်ပြီးနောက် အစိုးရက နိုင်ငံခြားမှ ဘာသာရေးအဖွဲ့အချို့ကို ပြည်တွင်းဝင်ရောက်ပြီး လူသားချင်းစာနာထောက်ထားသော အကူအညီများ ပံ့ပိုးထောက်ကူခွင့်ပြုခဲ့သည်။

တရုတ်နှင့် အိန္ဒိယနွယ်ဖွားများနည်းတူ မူဆလင်များသည် မိမိတို့နေထိုင်ရာ မြို့ရွာပြင်ပသို့ ခရီးထွက်ခွာလိုပါက မြို့နယ်အာဏာပိုင်များထံ ခွင့်ပြုချက်တောင်းခံရန် လိုအပ်သည်။ အာဏာပိုင်များသည် ရိုဟင်ဂျာများနှင့် ရခိုင်ပြည်နယ်ရှိ မူဆလင်များကို မည်သည့်အကြောင်းပြချက်နှင့်မျှ ခရီးသွားလာခွင့် မပြုပေ။ သို့သော် တစ်ခါတစ်ရံ အာဏာပိုင်များကို လာဘ်ထိုး၍ ခရီးသွားလာခွင့်ရသည့်အခါများလည်း ရှိသည်။ အခြားဒေသများတွင် နေထိုင်သော အစ္စလာမ်ဘာသာဝင်များမူ ခရီးသွားလာရေး၌ ပိုမိုလွယ်ကူလွတ်လပ်ကြသည်။ သို့သော် တားမြစ်ကန့်သတ်ချက်များ ရင်ဆိုင်နေကြရဆဲဖြစ်သည်။ ရန်ကုန်တွင်နေထိုင်သော အစ္စလာမ်ဘာသာဝင်များသည် ရခိုင်ပြည်နယ်ရှိ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းမြို့ သံတွဲသို့ လွတ်လပ်စွာသွားလာနိုင်သော်လည်း ထိုဒေသမှ ပြန်လိုပါက ဒေသခံစစ်တိုင်းမှူး၏ ခွင့်ပြုချက်ရရှိရန် လိုသည်။ ရခိုင်ပြည်နယ်ပြင်ပရှိ မူဆလင်များ ရခိုင်ပြည်နယ်အတွင်း အချို့ဒေသများသို့ သွားရောက်လည်ပတ်ပြီး မိမိမူလနေရပ်သို့ အပြန်ခရီး၌ တားမြစ်မှုခံရတတ်သည်။

ဇူလိုင်အတွင်းက ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အငြိမ်းစားဗိုလ်မှူးချုပ် ဘုန်းဆွေ ရခိုင်ပြည်နယ်သို့ သွားရောက်ပြီး ယူအက်စ်ဒီပီသို့ဝင်ရောက်ရန် သဘောတူသော မူဆလင်များကို အမျိုးသားမှတ်ပုံတင်ကတ်များ ထုတ်ပေးမည်ဟု ကတိပြုခဲ့ကြောင်း သြဂုတ် ၅ ရက်တွင် မီဒီယာများက ဖော်ပြခဲ့ကြသည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် ယူအက်စ်ဒီပီသို့ ဝင်ရောက်လာခဲ့ကြသော မူဆလင်တချို့အား ၄င်း၏ကတိအတိုင်း ယာယီနိုင်ငံသားကတ်ပြားများ ထုတ်ပေးခဲ့သော်လည်း နိုင်ငံသားဖြစ်ကြောင်း

သက်သေမပြုနိုင်သည့် ကတ်ပြားများသာ ဖြစ်သည်။ အာဏာပိုင်များက ထိုယာယီနိုင်ငံသားကတ် ထုတ်ပေးရာ၌ပင် မူဆလင် တစ်ဦးအတွက် လာဘ်ငွေ ၂၅၀၀၀၀ ကျပ် (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၅၀)အထိကို တောင်းခံခဲ့ကြသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မူဆလင်များ အထူးသဖြင့် ရိုဟင်ဂျာများသည် ဥပဒေကြောင်း၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးအရ ခွဲခြားဆက်ဆံမှုများကို အဆိုးရွားဆုံးပုံစံဖြင့် ကျင့်သုံးခံကြရသည်။ ရခိုင်ပြည်နယ်ပြင်ပ ဒေသများသို့ ရွှေ့ဆက် ဆေးကုသမှုခံရယူရန် ခရီးသွားလိုကြသော မူဆလင်များသည် ကျန်းမာရေးဝန်ကြီးဌာန၏ ထောက်ခံခွင့်ပြုမိန့် လိုအပ်ပြီး မပါရှိပါက ဗုဒ္ဓဘာသာဝင်သမားတော်များက ဆေးဝါးညွှန်ကြားကုသမှု ပေးမည်မဟုတ်ပေ။ အစိုးရက ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန် ငြင်းဆန်သည်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ ဖြိတိသျှအုပ်ချုပ်မှုစတင်ချိန်တွင် နိုင်ငံတွင်း ရောက်ရှိ အခြေချနေခဲ့သူများ၏ မျိုးဆက်များကိုသာ နိုင်ငံသားအဖြစ် အသိအမှတ်ပြုရမည်ဟု ပြဋ္ဌာန်းထားရာ ရိုဟင်ဂျာများ၏ ဘိုးဘေးများ ထိုစဉ်က နိုင်ငံတွင်း အခြေချနေထိုင်ခြင်းမရှိခဲ့သဖြင့် ယခုကဲ့သို့ငြင်းပယ်ရသည်ဟု အကြောင်းပြသည်။ ရိုဟင်ဂျာများကလည်း ထိုဒေသတွင် ၄၀်းတို့ စတင်အခြေချနေထိုင်ခဲ့ကြသည်မှာ ဖြိတိသျှမအုပ်စိုးခင် ရာစုနှစ်များစွာကတည်းကဖြစ်ကြောင်း အခိုင်အမာပြောဆိုထားခဲ့သည်။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီက ၂၀၀၈ ခုနှစ် နိုဝင်ဘာတွင် နိုင်ငံသားဥပဒေကို ပြန်လည်စဉ်းစားသင့်ကြောင်း အစိုးရကို အကြံပြုတောင်းဆိုခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခဲ့စဉ်က မူဆလင်များအပေါ် ခွဲခြားဆက်ဆံမှုများရှိနေကြောင်း ပြောကြားသွားခဲ့သည်။ ခန့်မှန်းခြေ ၂၈၅၀၀ ရှိသော ရိုဟင်ဂျာဒုက္ခသည်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြရပြီး ကျန်ရိုဟင်ဂျာ ၂၀၀၀၀၀ ခန့်မှာ ဒုက္ခသည်စခန်းများပြင်ပ၌ နေထိုင်နေကြသည်။ ထိုသူတို့မှာ ဘာသာရေးအရ ဖိနှိပ်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြောက်ရွံ့သောကြောင့် နိုင်ငံအတွင်းသို့ပြန်ဝင်ရန် ငြင်းဆန်နေကြသည်။

ရိုဟင်ဂျာများကို တရားမဝင် နိုင်ငံခြားသားများအဖြစ် ဆက်ဆံသော်လည်း နိုင်ငံခြားသားမှတ်ပုံတင် အက်ဖ်အာရ်စီကတ်များကိုမူ ထုတ်ပေးခြင်းမရှိပေ။ ရိုဟင်ဂျာများသည် နိုင်ငံသားကတ် အင်န်အာရ်စီလည်း ကိုင်ဆောင်ခွင့်မရှိပြန်ရာ "နိုင်ငံမဲ့များ" အဖြစ် ယေဘုယျ ရည်ညွှန်းခေါ်ဆိုခံကြရသည်။ အစိုးရသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအစီအစဉ်ဖြင့် ရိုဟင်ဂျာအများစုပါဝင်သော ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နိုင်ငံမဲ့သူများကို ယာယီမှတ်ပုံတင်ကတ်ပြားများ ဆက်ထုတ်ပေးနေသည်။ ယူအင်န်အိပ်ခ်ျစီအာရ်သည် ရခိုင်ပြည်နယ်အတွင်းရှိနိုင်ငံသားအဖြစ်မခံရသူပေါင်း ၇၅၀၀၀၀ အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအစီရင်ခံစာတင်သွင်းချိန်အတွင်း နောက်ဆုံးကာလအထိ အစိုးရသည် အသက် ၁၀ နှစ်ပြည့်ပြီးသော နိုင်ငံမဲ့ဦးရေ၏ ၈၅ ရာခိုင်နှုန်း (အရေအတွက် ၆၃၇၅၀၀ ဦးရေ)အတွက် ယာယီသက်သေခံကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်း ကြေညာထားသည်။ ယူအင်န်အိပ်ခ်ျစီအာရ်သည် ရိုဟင်ဂျာများကို ပညာရေး၊ ကျန်းမာရေး၊ အခြေခံ အဆောက်အအုံ၊ ရေနှင့် ရေဆိုးစွန့်စနစ်များနှင့် စိုက်ပျိုးရေးတို့အတွက် ထောက်ပံ့ကူညီပေးလျက်ရှိသည်။

နိုင်ငံသားအဖြစ်ခံယူခွင့်မရသောကြောင့် ရိုဟင်ဂျာများသည် အစိုးရကျောင်းများ၌ အလယ်တန်းပညာ ဆက်လက်သင်ယူခွင့်မရကြပေ။ ထို့ပြင် ရခိုင်ပြည်နယ်တွင်းရှိ အထက်တန်းအောင်မြင်ပြီးသော မူဆလင်ကျောင်းသားများကိုလည်း တက္ကသိုလ်၊ ကောလိပ်များ ဆက်တက်ရောက်နိုင်ရန် ပြည်နယ်ပြင်ပသို့ ထွက်ခွာခွင့်မပေးပေ။ အာဏာပိုင်များသည် အမျိုးသားမှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ခွင့်မရသော မူဆလင်ကျောင်းသားများကို တက္ကသိုလ်စာသင်နှစ် ပြီးမြောက်သော်ငြား ဘွဲ့လက်မှတ်ထုတ်ပေးရန် ဆက်လက်ငြင်းဆန်လျက်ရှိသည်။ ထိုကျောင်းသားများသည် စာသင်ခန်းတွင်း တက်ရောက် စာမေးပွဲဖြေဆိုခွင့်ရှိကြသော်လည်း "နိုင်ငံခြား" လူနည်းစုမျိုးနွယ်ဝင်များအဖြစ် လျော့ကျထားခြင်းမပြုသရွေ့ ဘွဲ့ဒီပလိုမာများ ရရှိနိုင်မည်မဟုတ်ဟု ကန့်သတ်ခံထားကြရသည်။ ထို့ပြင် ရိုဟင်ဂျာများသည် နိုင်ငံ့ဝန်ထမ်းအဖြစ်လည်း တာဝန်ထမ်းဆောင်ခွင့်မရှိပေ။ ရိုဟင်ဂျာစုံတွဲများ လက်ထပ်ထိမ်းမြား လိုပါက အစိုးရထံမှ ခွင့်ပြုချက်လိုအပ်သည်။

အသစ်ရွှေ့ပြောင်းလာသော မူဆလင်များသည် ရခိုင်ပြည်နယ် သံတွဲတွင် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဝယ်ယူခြင်းနှင့် အခြေချနေထိုင်ခြင်း ပြုခွင့်မရှိပေ။ အာဏာပိုင်များက မူဆလင်များကို ရခိုင်ပြည်နယ်တွင်းမှ ၇နှင့် တောင်ကုတ်ဒေသများ၌လည်း နေထိုင်ခွင့်မပြုပေ။

အစိုးရသည် ဘာသာရေးအားလုံးမှ အုပ်စုဝင်များအား အခြားနိုင်ငံများရှိ ဘာသာတူသူများနှင့် ဆက်ဆံရေးထူထောင်ခြင်း၊ ပုံမှန်ဆက်သွယ်ခြင်းတို့ကို ခွင့်ပြုထားပြီး ဘာသာရေးရည်မှန်းချက်ဖြင့် ပြည်ပခရီးသွားရောက်ခြင်းကိုလည်း ခွင့်ပြုထားသည်။ သို့ရာတွင် နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ခွင့်ဗီဇာ ကန့်သတ်ချက်များ၊ နိုင်ငံခြားငွေလဲလှယ်ရေး ထိန်းချုပ်ထားမှုများနှင့် မည်သည့်ဘာသာဝင်ဖြစ်စေ နိုင်ငံသားအားလုံး၏ နိုင်ငံတကာတွင် ဆောင်ရွက်လှုပ်ရှားမှုများအားလုံးကို စောင့်ကြည့်ခံကြရမည်သာဖြစ်သည်။ တစ်ခါတစ်ရံတွင် အစိုးရသည် ဟာ့ဂျ်သွားမည့် မူဆလင်များနှင့် အိန္ဒိယရှိ ဗုဒ္ဓဂါယာသွားမည့် ဗုဒ္ဓဘာသာဝင်များအတွက် ပုံမှန်အားဖြင့် ခက်ခဲသော နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း လုပ်ထုံးလုပ်နည်းများကို လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးသည်များရှိ တတ်သည်။ ၂၀၁၀ ပြည့်နှစ် (နိုဝင်ဘာ ၁၂–၁၇)အတွင်း ဟာ့ဂျ်သွားသူ မြန်မာနိုင်ငံမှ မူဆလင် ခန့်မှန်းဦးရေမှာ ၄၃၀၀ ဖြစ်သည်။ ၄င်းတို့သည် ဟာ့ဂျ်မသွားခင် ယူအက်စ်ဒီပီကို ကြိုတင်မဲထည့်စေခဲ့ရန် လိုအပ်ကြောင်း ခရီးသွားဝန် ဆောင်မှုအေဂျင်္ဂီများမှ သတင်းပေးခဲ့သည်။ ၂၀၁၀ ပြည့်နှစ်အတွင်း ဗုဒ္ဓဂါယာသို့မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင် ခန့်မှန်း ၁၅၀၀ မှ ၂၀၀၀ ဘုရားဖူးသွားရောက်ခဲ့ကြသည်။

အစိုးရသည် အစ္စလာမ်ဘာသာဝင်များ စစ်တပ်ထဲဝင်ခြင်းကို အားမပေးပေ။ ထို့ပြင် ခရစ်ယာန်နှင့် မဆလင် စစ်အရာရှိများကိုလည်း အကယ်၍ ဗိုလ်မှူးအဆင့်ထက် ရာထူးပိုတိုးမြှင့်လိုပါက ၄င်းတို့၏ အထက်အရာရှိများက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကြစေရန် တွန်းအားပေးမှုများရှိသည်။ စစ်တပ်ထဲဝင်လိုသော မူဆလင်များသည် မှတ်တမ်းရေးသွင်းလျှောက်ထားရာ၌ ဗုဒ္ဓဘာသာဝင်အဖြစ် ဖော်ပြရပြီး အမှန်တကယ် ဗုဒ္ဓဘာသာကူးပြောင်းရန် မလိုကြောင်းကိုလည်း သိရသည်။

သာသနာရေးဝန်ကြီးဌာနက ဘာသာရေးအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းများအတွက် "ထိုနေရာအနီးတစ်ဝိုက် နေထိုင်သူများ၏ သဘောထားဆန္ဒအပေါ် မူတည်ရမည်"ဟု သတ်မှတ်ထုတ်ပြန်ထားသော်လည်း ဗုဒ္ဓဘာသာ စေတီပုထိုးများတည်ဆောက်ခြင်းနှင့်ဆိုင်သော လူထုဝတ်ပြုကိုးကွယ်ရာနေရာများ ထပ်မံလိုအပ်မှုတို့အတွက်မူ အကျုံးဝင်ပုံမရပေ။ အစိုးရသည် ဗုဒ္ဓဘာသာ သာသနာပြုကျောင်းများကို အတိအလင်းထောက်ခံအားပေးပြီး ကျယ်ဝန်းသော စာသင်တိုက်ကြီးများ ဆောက်လုပ်ခွင့်ပြုသည်။ ဗုဒ္ဓဘာသာစေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ရွာဓမ္မာရုံများ တည်ဆောက်ရန် ခွင့်ပြုချက်တောင်းခံရာ၌ များသောအားဖြင့် အခက်အခဲမရှိလှပေ။

ဒေသအများစုတွင် လမ်းမကြီးဘေးနှင့် အခြားအထင်ကရမဟုတ်သော နေရာများ၌ ဘာသာရေးအဆောက်အအုံဆောက်လုပ်လိုသော မူဆလင်နှင့် ခရစ်ယာန်များသည် ဒေသဆိုင်ရာအာဏာပိုင်များထံမှ အလွတ်သဘော ခွင့်ပြုချက်တောင်းခံရယူပြီး ဆောင်ရွက်နိုင်ကြသည်။ ထိုအာဏာပိုင်များ ရွှေ့ပြောင်းသွားသောအခါ ယခင် သဘောတူညီမှုများ ပျက်ပြယ်သွားလေ့ရှိပြီး အာဏာပိုင်အသစ်က တည်ရှိပြီးသား ဘာသာရေးအဆောက်အအုံကို ဖျက်သိမ်းပစ်သည့် ဖြစ်ရပ်များလည်းရှိသည်။ တရားဝင် ခွင့်ပြုချက်တောင်းခံခြင်းများမှာ အလွန်နှောင့်နှေးကြန့်ကြာပြီး အများအားဖြင့် ပယ်ချခံကြရသည်။ အကယ်၍ ခွင့်ပြုမိန့်ရပြီးလျှင်တောင်မှ အထက်ပိုအဆင့်မြင့် အာဏာပိုင်က ပြန်လည်ရုပ်သိမ်းပယ်ဖျက်ခြင်းများ ကြုံတွေ့ရနိုင်သည်။

ခရစ်ယာန်များသည် ဒေသအများစုတွင် ဘုရားရှိခိုးကျောင်းမြေနေရာဝယ်ခြင်းနှင့် ဘုရားကျောင်းအသစ်ဆောက်လုပ်ခြင်းတို့အတွက် ခွင့်ပြုချက်တောင်းခံရာတွင် ဆက်လက် ခက်ခဲနေကြရဆဲဖြစ်သည်။ အချို့သော အခြေအနေများတွင် အာဏာပိုင်များက ခရစ်ယာန်ဘုရားကျောင်းအနေဖြင့် ပစ္စည်းပိုင်ဆိုင်ခွင့်မရှိဟု အကြောင်းပြ ငြင်းဆိုကြသည်။ မြေယာအမည်ပေါက် ပိုင်ဆိုင်ခွင့်မှာလည်း အလွန်ရှုပ်ထွေးသော မြေပိုင်ခွင့်ဥပဒေနှင့် အစိုးရကသာ မြေယာအများစုကိုပိုင်ဆိုင်ထားခြင်းတို့ကြောင့် ခက်ခဲလှသည်။ အချို့ဒေသများတွင် လက်ရှိ ရှိနှင့်ပြီးသား အဆောက်အအုံများကို ပြင်ဆင်ခွင့်တောင်းခံခြင်းက ပိုမိုလွယ်ကူတတ်သည်။ ချင်းပြည်နယ်တွင် ၂၀၀၃ ခုနှစ်ကတည်းက ဘုရားကျောင်းဆောက်လုပ်ခွင့်အသစ်ကို အာဏာပိုင်များက ခွင့်မပြုတော့ကြောင်း သိရသည်။ ထို့ပြင် အာဏာပိုင်များက ၂၀၁၀ ပြည့်နှစ်အတွင်း ချင်းပြည်နယ်ရှိ လူသူအရောက်အပေါက်များရာ နေအိမ် ဘုရားကျောင်းဝင်း ကိုးခုအား ဖျက်သိမ်းရန် အမိန့်ပေးခဲ့ကြောင်း ချင်း လူ့အခွင့်အရေးများအဖွဲ့မှ အစီရင်ခံတင်ပြထားသည်။

မူဆလင်များအတွက်လည်း ဗလီအသစ်များဆောက်လုပ်ခြင်းနှင့် ရှိနှင့်ပြီးဗလီများ ပြင်ဆင်ခြင်းတို့အတွက် ခွင့်ပြုချက်ရယူနိုင်ရေးမှာ ဆက်လက် ခက်ခဲနေဆဲပင်ဖြစ်သည်။ တစ်ခါတစ်ရံ အတွင်းပိုင်း ပြင်ဆင်မွမ်းမံခြင်းများကိုတော့ ခွင့်ပြုတတ်သည်။ ပုံမှန်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရန် ခွင့်ပြုချက်မရသောကြောင့် မွန်ပြည်နယ် မော်လမြိုင်နှင့် ရခိုင်ပြည်နယ် စစ်တွေတို့ရှိ သမိုင်းဝင်ဗလီ

ကြီးများအပါအဝင် အခြားဗလီများစွာမှာ ယိုယွင်းပျက်စီးလျက်ရှိသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဗလီများနှင့် ဘာသာရေးကျောင်းများတည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းတို့အပေါ် ကန့်သတ်ချက်များစွာ ချထားသည်။ ရခိုင်ပြည်နယ်ရှိ အချို့ဒေသများတွင် အာဏာပိုင်များက ဗလီများကို အရံအတားများဖြင့် ပိတ်ဆို့ထားပြီး မူဆလင်များ ဗလီများအတွင်း ဝတ်ပြုဆုတောင်းမှုမပြုလုပ်နိုင်စေရန် တားဆီးကန့်သတ်ထားသည်။ နယ်ခြားစောင့်တပ်ဖွဲ့များကလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဗလီများကို ထင်သလို ဝင်ရောက်ရှာဖွေစစ်ဆေးပြီး ဗလီတာဝန်ရှိသူများအား ဗလီခွင့်ပြုမိန့်များ ထုတ်ပြရန် အတင်းအကျပ် တောင်းဆိုမှုများရှိသည်။

ယူအက်စ်ဒီပီသည် ရန်ကုန်မြို့တွင်းရှိ အချို့ဗလီများကို အကြီးစား မွမ်းမံပြင်ဆင်ရန်ခွင့်ပြုချက် (သာမန်အားဖြင့် ဗုဒ္ဓဘာသာ ဘာသာရေးအဖွဲ့များမဟုတ်သည့် သူများအတွက် ရရှိရန် အလွန်အမင်းခက်ခဲလှသည်) ပေးမည်၊ အပြန်အလှန်အားဖြင့် မူဆလင် ၅၀၀ ကို ယူအက်စ်ဒီပီဝင်စေရမည်ဟု ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အောက်တိုဘာဆန်းတွင် ရခိုင်ပြည်နယ်စစ်တွေရှိ ဗလီအများပြား အကြီးစားပြင်ဆင်မွမ်းမံခွင့်ကို နအဖအစိုးရမှ ပိတ်ပင်တားမြစ်လိုက်သည်။ ထိုလကုန်ဆုံးချိန်၌ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးတာဝန်ခံ၊ နအဖ၏ ပို့ဆောင်ရေးဝန်ကြီး သိန်းဆွေမှ ထိုတားမြစ်ခံဗလီများထဲမှ ဗလီနှစ်ခုကို "စံပြ"အဖြစ် ပြင်ဆင်ခွင့်ပေးမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ၄င်းတို့၏ ယူအက်စ်ဒီပီ အနိုင်ရရှိရေး ဆောင်ရွက်ပေးကြရန် ကမ်းလှမ်းခဲ့ကြောင်းသိရသည်။ သိန်းဆွေသည် ယူအက်စ်ဒီပီအတွက် ဒေသခံ မူဆလင်အများအပြား ထောက်ခံမဲပေးမှုကို ရရှိစေရန် အင်အားပြည့် ဆောင်ရွက်ခဲ့ကြောင်းလည်း သိရှိရသည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ရန်ကုန်မြို့ရှိ တစ်ခုတည်းသော ဂျူး ဘုရားရှိခိုးကျောင်း စောင့်ရှောက်သူများက မုန်တိုင်းကြောင့်ပျက်စီးသွားသည်များ ပြင်ဆင်ရန်လျှောက်ထားခြင်း၊ ဘုရားကျောင်း အခြားအစိတ်အပိုင်းများ မွမ်းမံခွင့်လျှောက်ထားခြင်းတို့ကိုမူ အာဏာပိုင်များက ခွင့်ပြုချက်ပေးခဲ့သည်။

ဘာသာရေးလွတ်လပ်ခွင့်ချိုးဖောက်မှုများ

မြန်မာနိုင်ငံအတွင်း ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးဖောက်မှုများ ရှိနေပြီး ဘာသာရေးကြောင့် အကျဉ်းကျခံနေရသူ၊ ထိန်းသိမ်းခံနေရသူများစွာ ရှိနေကြောင်း အစီရင်ခံတင်ပြမှုများရှိသည်။ အစိုးရသည် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများအပေါ် ထိန်းကွပ်ရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်နေဆဲဖြစ်သည်။ သံဃာတော်များကို "ဗုဒ္ဓသာသနာ ဆန့်ကျင်မှုနှင့် သာသနာပျက်စီးရာပျက်စီးကြောင်း ဆောင်ရွက်မှုများ"ဖြင့် ရုံးတင်တရားစွဲဆိုပြီး သံဃာစည်းမျဉ်းဥပဒေများ ချိုးဖောက်ပါက ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆို အပြစ်ပေးခံရမည်ဟု ပြဋ္ဌာန်းထားသည်။ အစိုးရသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဘုန်းတော်ကြီးများကို ဖမ်းဆီးထောင်ချသည်။ အကျဉ်းထောင်များထဲ၌ ရဟန်းတော်များအား သင်္ကန်းချွတ် လူဝတ်လဲခိုင်းပြီး သာမန် လူဝတ်ကြောင် အကျဉ်းသားများကဲ့သို့ ပြုမူဆက်ဆံသည်။ ယေဘုယျအားဖြင့် ထောင်ကျရဟန်းတော်များသည် ရဟန်းဝိနည်းသိက္ခာနှင့်အညီ ခေါင်းတုံးတုံးခွင့်၊ အပ်စပ်ရာ ဆွမ်းကွမ်းစားသုံး ဘုဉ်းပေးခွင့်များ မရရှိကြချေ။ မကြာခဏ ရိုက်နှက်ခံရပြီး အတင်းအကျပ် အလုပ်ကြမ်းစေခိုင်းခြင်းများ တွေ့ကြုံကြရသည်။

အစိုးရသည် သံဃာတော်များအပေါ် လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်ကို တားမြစ်ပိတ်ပင်သော အထူးကန့်သတ်ချက်များ ထုတ်ပြန်ကျင့်သုံးသည်။ သံဃာတော်များသည် နိုင်ငံရေးနှင့်သက်ဆိုင်သော စကားလုံး၊ ပါဒ စကားပုဒ်နှင့် ဇာတ်ကြောင်းများပါဝင်သည့် တရားဓမ္မများ ဟောပြောခွင့် မရှိပေ။ အစိုးရက သံဃာတော်များကို နိုင်ငံရေး၊ နိုင်ငံရေးပါတီများ၊ ပါတီဝင်များနှင့် ကင်းကင်းရှင်းရှင်းနေရန် ညွှန်ကြားချက်ထုတ်ထားသည်။ အစိုးရသည် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ကြီး၏ ထိန်းချုပ်မှုအောက်ရှိ သံဃာဂိုဏ်းကိုးဂိုဏ်းမှလွဲ၍ အခြားဂိုဏ်းအားလုံးကို ပိတ်ပင်တားမြစ်ထားသည်။ အစိုးရက သာသနာ့ဝန်ထမ်းအားလုံး နိုင်ငံရေးပါတီဝင်ခြင်းမှ တားမြစ်ထားပြီး ရွေးကောက်ပွဲဥပဒေကလည်း သံဃာများ နိုင်ငံရေး၌ ပါဝင်ဆောင်ရွက်ခြင်းနှင့် ရွေးကောက်ပွဲများ၌ မဲပေးပိုင်ခွင့်တို့ကိုတားမြစ်ပိတ်ပင်ထားသည်။

ထိုင်းနိုင်ငံအခြေစိုက် မြန်မာ့နိုင်ငံရေးအကျဉ်းသားများ ထောက်ပံ့ကူညီရေးအသင်း (အေအေပီပီ)၏အဆိုအရ ယခု အစီရင်ခံစာတင်သွင်းချိန်ကာလအဆုံးတွင် သံဃာ ၂၅၆ ပါး ထောင်သွင်း အကျဉ်းကျခံနေရသည်ဟု သိရသည်။ အများစုမှာ ၂၀၀၇ ခုနှစ်

စက်တင်ဘာအတွင်း ဖြစ်ပွားခဲ့သော ဒီမိုကရေစီလိုလားသည့် ငြိမ်းချမ်းစွာဆန္ဒပြပွဲများအပြီး ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ ယခု အစီရင်ခံစာတင်သွင်းချိန်အတွင်း အစိုးရသည် သံဃာတော်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ဆိုင်ရာမိသားစုများနှင့် ဝေးကွာလှမ်းလှသော နယ်စွန်နယ်ဖျား အကျဉ်းထောင်များသို့ ပြောင်းရွှေ့ခဲ့ခြင်းကြောင့် ထောင်ဝင်စာလာတွေ့သူ ဆွေမျိုးသားချင်းများကသာ များသောအားဖြင့် ထောက်ပံ့နေရသည့် အသုံးအဆောင်၊ အစားအစာနှင့် ဆေးဝါးစသည်တို့မှာ ပိုမို အကန့်အသတ်ဖြစ်သွားရသည်။

အစိုးရသည် ၂၀၀၇ ခုနှစ် စက်တင်ဘာ ဆန္ဒပြပွဲများအတွင်း အကြမ်းဖက်နှိပ်ကွပ်ခဲ့ခြင်း၊ ထိုဆန္ဒပြပွဲများအပြီး ညအချိန် စီးနင်းမှုများဖြင့် လုံခြုံရေးတပ်ဖွဲ့များက အရေအတွက်များစွာသော လူများနှင့် ရဟန်းတော်များကို ၄င်းတို့၏နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းတို့အပေါ် စုံစမ်းစစ်ဆေး ဖော်ထုတ်မှုများ ယခုအချိန်ထိ မပြုလုပ်ခဲ့ပေ။ အေအေပီပီ၏ ခန့်မှန်းချက်အရ သံဃာတော်များဦးဆောင်သော ဆန္ဒပြမှုများကို လက်တုံ့ပြန်သောအားဖြင့် ၂၀၀၇ ခုနှစ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံး ဘုန်းတော်ကြီးကျောင်း ၅၂ ကျောင်းကို ဝင်ရောက်စီးနင်းခဲ့ကြောင်း သိရသည်။ အတိုက်အခံ လှုပ်ရှားသူများနှင့် ဘုန်းတော်ကြီးများ၏အဆိုအရ လုံခြုံရေးတပ်ဖွဲ့ဝင်စစ်သားများသည် ညအချိန် ဘုန်းတော်ကြီးကျောင်းများအတွင်းသို့ အင်အားသုံး စီးနင်းဝင်ရောက်ပြီး မျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်ဆန်များကို အသုံးပြုကာ ဘုန်းတော်ကြီးများကို နံပါတ်တုတ်များ၊ ဝါးရင်းတုတ်များဖြင့် ရိုက်နှက်ခဲ့ကြကြောင်းသိရသည်။ နိုင်ငံတကာအင်န်ဂျီအိုများ၏ ခန့်မှန်းချက်အရ ၂၀၀၇ ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာအတွင်း အနည်းဆုံး ရဟန်းတော် ၁၅၀ ခန့် ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

မြန်မာမူဆလင်အဖွဲ့၏ အဆိုအရ ဒီဇင်ဘာ ၁၃ ရက်တွင် ပဲခူးဒေသ အာဏာပိုင်များက ရှေးဟောင်းမူဆလင်သချိုင်းတစ်ခု၏အစိတ်အပိုင်းကို ဖျက်ဆီးပစ်ခဲ့ကြောင်း သိရသည်။ စစ်အစိုးရမှ ၂၀၀၅ ခုနှစ်ကတည်းကစ၍ သချိုင်း၌ပြုလုပ်သော ဘာသာရေးလုပ်ငန်းဆောင်တာများကို လုံး၀ ပိတ်ပင်တားမြစ်ထားပြီး ၂၀၀၂ နှင့် ၂၀၀၅ ခုနှစ်များအတွင်း သချိုင်း၏ အခြားအစိတ်အပိုင်းများကို ဖျက်ဆီးပစ်ခဲ့ပြီးဖြစ်သည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာတွင် ရဲတပ်ဖွဲ့က ဘုန်းတော်ကြီးအရှင်ဥက္ကံသကို အဝေးပြေးလမ်းမတစ်လျှောက်တွင် " ၂၀၁၀ ရွေးကောက်ပွဲ အလိုမရှိ"ဟု စာများရေးသားမှုကြောင့် ဖမ်းဆီးခဲ့ကြောင်း ပြည်ပအတိုက်အခံမီဒီယာများမှ သတင်းပေးပို့သည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၇ ရက်တွင် အရှင်ဥက္ကံသအား အာဏာပိုင်များက အီလက်ထရွန်းနစ်ဆက်သွယ်ရေးဥပဒေ၊ ပုံနှိပ်ဥပဒေ၊ ရာဇသတ်ပုဒ်မ ၅၀၅(ခ)(လူထုမငြိမ်မသက်ဖြစ်စေရန် လှုံ့ဆော်မှု)တို့ဖြင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်လိုက်သည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၉ ခုနှစ် စက်တင်ဘာအစီရင်ခံစာအရ ဘုန်းတော်ကြီး ဦးဆန္ဒာဓိကမှ ၄င်း ဖမ်းဆီးခံခဲ့ရစဉ် ၂၀၀၉ ခုနှစ် ဩဂုတ်အတွင်း စစ်ကြောရေးရိုက်နှက်ညှဉ်းပန်းမှုများ ရှိခဲ့၊ ခံခဲ့ရကြောင်း ၄င်း၏ ဆွေမျိုးသားချင်းများကို ပြောပြခဲ့သည်ဟုသိရသည်။

၂၀၀၉ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် အာဏာပိုင်များသည် အတိုက်အခံလှုပ်ရှားမှုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲပြုလုပ်ခဲ့သော တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ဦးချစ်ဖေနှင့် ဦးအောင်စိုးဝေတို့ကို ၄င်းတို့၏နေအိမ်များမှ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားသည်။ ယခုအစီရင်ခံစာတင်သွင်းချိန် အဆုံးပိုင်းကာလအထိ ၄င်းတို့နှစ်ဦး အကျဉ်းထောင်ထဲ၌ ရှိနေကြဆဲဖြစ်သည်။

၂၀၀၇ ခုနှစ်အတွင်း ဖမ်းဆီးခံရသော အခြားဘုန်းတော်ကြီးများနှင့်တူ ဦးစန္ဒာဝရနှင့် မဂ္ဂင်ကျောင်းတိုက် ဆရာတော် ဦးအိန္ဒကတို့မှာလည်း ဆက်လက်ထိန်းသိမ်းဖမ်းဆီးခံထားရကြောင်း လူ့အခွင့်အရေး လေ့လာစောင့်ကြည့်သူများက ယုံကြည်ထားကြသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဇရာဝတီတိုင်း ဟသ်ာတအကျဉ်းထောင်၌ ထောင်ပုံစံဝတ်စုံကို သင်္ကန်းရုံသည့်အသွင် ဝတ်ဆင်သောကြောင့် ဘုန်းတော်ကြီး ဦးကေလာသအား ရိုက်နှက်ညှဉ်းပန်းရန် အကျဉ်းသားတစ်ဦးအား ထောင်အရာရှိများမှ အမိန့်ပေးခဲ့ကြောင်း သတင်းများအရ သိရသည်။ အာဏာပိုင်များသည် ဦးကေလာသအား ၂၀၀၇ စက်တင်ဘာ ဆန္ဒပြပွဲများအပြီး ဖမ်းဆီး၍ ထောင်ဒဏ် ၃၅ နှစ် ချမှတ်ခဲ့သည်။ ၄င်းသည် ယခုတိုင် အကျဉ်းကျခံနေရဆဲဖြစ်သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် အာဏာပိုင်များက မန္တလေးတိုင်း အိုးဘိုအကျဉ်းထောင်ရှိ ဦးဂမ္ဘီရအား ရန်ကုန်မြို့မ မြောက်ဘက် မိုင်ပေါင်း ၁၂၀၀ ခန့်ကွာဝေးသော စစ်ကိုင်းတိုင်း ခန္ဓီးအကျဉ်းထောင်သို့ ရွှေ့ပြောင်းခဲ့သည်။ ဦးဂမ္ဘီရသည် ထိုသို့ ထောင်ပြောင်းမခံရမီ ရက်သတ္တတစ်ပတ်ခန့်ကစတင်၍ အစာငတ်ခံဆန္ဒပြနေကြောင်း သိရသည်။ ၂၀၀၈ ခုနှစ် နိုဝင်ဘာကတည်းက ဦးဂမ္ဘီရအား အီလက်ထရွန်းနစ်ဆက်သွယ်ရေးဥပဒေ၊ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် မတရားအသင်းဥပဒေတို့အပါအဝင် ဥပဒေပုဒ်မများစွာဖြင့် အာဏာပိုင်များက စွဲချက်တင်၍ ထောင်ဒဏ် ၆၈ နှစ် ချထားခဲ့ပြီးဖြစ်သည်။ အာဏာပိုင်များက ဦးဂမ္ဘီရကို ၂၀၀၇ ခုနှစ် နိုဝင်ဘာတွင် ဖမ်းဆီးခဲ့ပြီး ညီငယ်ဖြစ်သူ ကိုအောင်ကျော်ကျော်ကို ၂၀၀၇ ခုနှစ် အောက်တိုဘာအတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်ကာ ၄င်းတို့နှစ်ဦးလုံး အကျဉ်းထောင်များထဲ ရှိနေကြဆဲဖြစ်သည်။

၂၀၀၈ ခုနှစ် မတ် ၃၀ ရက်တွင် စစ်တပ်က ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်ရှိ မူဆလင်ရပ်ရွာလူကြီး ၁၁ ဦးကို ဖမ်းဆီးခဲ့သည်။ ၄င်းတို့ထဲတွင် မောင်တောခရိုင် မြန်မာမူဆလင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသန်းထွန်း (မိုဟာမက်ဆိုလင်)၊ ရပ်ရွာခေါင်းဆောင် ဦးလှမြင့်၊ ဒေသခံလုပ်ငန်းရှင် ဦးနီရာမက်တို့လည်း ပါဝင်သည်။ အာဏာပိုင်များက မည်သည့်အတွက် ဖမ်းဆီးကြောင်း ရှင်းမပြသော်လည်း ဒေသခံများက အစိုးရသည် ဒေသတွင်းမူဆလင်များ နိုင်ငံရေးအရ လှုပ်ရှားဆောင်ရွက်လာမည်ကို ကြောက်ရွံ့၍ ဖမ်းဆီးခြင်းဟု ယုံကြည်ကြကြောင်း ပြည်ပမီဒီယာများကို ပြောဆိုကြသည်။ ၄င်းတို့ထဲမှ ဦးလှမြင့်ကိုသာ ဖမ်းဆီးပြီး သုံးလအကြာ၌ ပြန်လွှတ်ပေး၍ ကျန် ၁၀ ဦးကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားဆဲဖြစ်ကြောင်း သိရသည်။ ၄င်းတို့၏ အခြေအနေများကို ယခုထိ သတင်းမရရှိပေ။

၂၀၀၄ ခုနှစ်မှစ၍ ယခု အစီရင်ခံစာပြုစုနေဆဲကာလအထိ အင်္ဂါဆုတောင်းအသင်းဟုအမည်ရသော ဗုဒ္ဓဘာသာဝင်အဖွဲ့သည် အပတ်စဉ်အင်္ဂါနေ့တိုင်း ရန်ကုန်မြို့ ရွှေတိဂုံဘုရား၌စုဝေးပြီး ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းပွဲများပြုလုပ်လာခဲ့ကြသည်။ အာဏာပိုင်များက မကြာခဏဆိုသလို နအဖ ထောက်ခံသော ကြံ့ခိုင်ရေးအဖွဲ့ (နောက်ပိုင်း၌ ၄င်းတို့ဘာသာ နိုင်ငံရေးပါတီအဖြစ် အသွင်ကူးပြောင်းပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဟု ပြောင်းလဲမှည့်ခေါ်ခဲ့သည်) အဖွဲ့ဝင်များကို အသုံးပြုကာ အင်္ဂါအဖွဲ့ ဘုရားရင်ပြင်တော်ပေါ် မတက်ရောက်နိုင်စေရန် တားဆီးပိတ်ဆို့ခြင်း၊ ဝတ်ပြုဆုတောင်းသံများကို ဖုံးလွှမ်းသွားစေရန် လက်ခုပ်လက်ဝါးတီးခြင်း၊ အော်ဟစ်ခြင်းများကို ပြုလုပ်စေသည်။ ၂၀၀၉ ခုနှစ် အောက်တိုဘာတွင် အာဏာပိုင်များက အင်္ဂါဆုတောင်းအသင်းခေါင်းဆောင် နော်အုံးလှနှင့် သူ၏ လုပ်ဖော်ကိုင်ဖက်သုံးဦးကို ရန်ကုန်မြို့ မကွေးဘုန်းတော်ကြီးကျောင်းတိုက်၌ လှုဖွယ်ပစ္စည်းများလှူဒါန်းသည်ကို အကြောင်းပြု၍ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ လူထုဆူပူအုံကြွလာစေရန် ရည်ရွယ်လုပ်ဆောင်သည်ဟု အကြောင်းပြဖမ်းဆီးခြင်းဖြစ်သည်။ ၄င်းတို့လေးဦးအား ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီအတွင်း "ပြည်သူလူထုတည်ငြိမ်အေးချမ်းရေး ကို အနှောင့်အယှက်ပေးသည်" ဟု စွပ်စွဲ၍ ထောင်ဒဏ်နှစ်နှစ်စီ ချခဲ့သည်။

ဘာသာပေါင်းစုံမှ စိတ်ချယုံကြည်လောက်သော အစီရင်ခံမှုများအရ အစိုးရအာဏာပိုင်များသည် ကျေးလက်ဒေသများတွင် ဗုဒ္ဓဘာသာဝင်များရော ဗုဒ္ဓဘာသာဝင်မဟုတ်သူများကိုပါ အစိုးရမှ ကမကထပြုသည့် စေတီပုထိုးများဆောက်လုပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် ငွေကြေး၊ ရိက္ခာနှင့် အခြားပစ္စည်းများ အတင်းအကျပ် ထည့်ဝင်ခိုင်းကြောင်း သိရှိရသည်။ အစိုးရက ထိုကဲ့သို့ အတင်းအကျပ်ဖိအားပေးထည့်ဝင်ခိုင်းခြင်းများကို ငြင်းဆိုပြီး ထိုသို့ထည့်ဝင်ခြင်းမှာ ဗုဒ္ဓဘာသာ၌ ကုသိုလ်ကောင်းမှုပြုသည့် "စေတနာအလျောက်လှူဒါန်းမှု" အစဉ်အလာသာဖြစ်ကြောင်း ပြန်လည်ချေပပြောဆိုသည်။

အတင်းအကျပ်ဘာသာပြောင်းခိုင်းခြင်းများ

အာဏာပိုင်များသည် ဗုဒ္ဓဘာသာဝင်မဟုတ်သူများကို ဗုဒ္ဓဘာသာဝင်အဖြစ် အတင်းအကျပ် သွတ်သွင်းခြင်းများ ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့ဟု ယူဆရသော်လည်း အခြားနည်းများဖြင့် ဗုဒ္ဓဘာသာအဖြစ် ပြောင်းခိုင်းခြင်း ဆက်လက်လုပ်ကိုင်နေကြောင်း အထောက်အထားများတွေ့ရှိရသည်။ ယမန်နှစ် အစီရင်ခံစာတင်သွင်းစဉ်က ခရစ်ယာန်ဘာသာဝင် ချင်းလူမျိုးများမှ ပြည်နယ်အတွင်း ဒေသဆိုင်ရာအာဏာပိုင်များသည် ဗုဒ္ဓဘာသာဝင်များသာ တက်ခွင့်ရသော အထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်၍ အထက်တန်းပြီးဆုံးအောင်မြင်ပါက အစိုးရအလုပ်များရရှိမည်ဟု ကတိပြုကြောင်း သတင်းပေးပို့သည်။ ထိုကျောင်းသို့

တက်ခွင့်ရရန် ချင်းခရစ်ယာန်များသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ရသည်။ ပြည်ပရောက် အတိုက်အခံ ချင်း လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့မှ အစိုးရအရာရှိများသည် ခရစ်ယာန်ဘာသာဝင် ချင်းကလေးငယ်များကို ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများသို့ ပို့ပြီး ဗုဒ္ဓဘာသာ အဆုံးအမများ သင်ကြားစေခြင်းနှင့် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခိုင်းခြင်းများကို မိဘများမသိဘဲ သို့မဟုတ် သဘောတူညီချက်မပါဘဲ ဆောင်ရွက်နေကြောင်း ယင်းအဖွဲ့မှ စွပ်စွဲပြောထားသည်များရှိသည်။ အလားတူနည်းလမ်းများကို သုံးပြီး စစ်ကိုင်းတိုင်းအတွင်းရှိ နာဂလူမျိုးများကိုလည်း ဗုဒ္ဓဘာသာသို့ ကူးပြောင်းစေရန် အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း သတင်းပေးပို့မှုများက ဆိုကြသည်။ ယခု အစီရင်ခံစဉ်ကာလအတွင်း အတင်းအကျပ် ဘာသာပြောင်းခိုင်းခြင်းများရှိကြောင်း အစီရင်ခံ သတင်းပေးပို့မှုများ မရရှိပေ။

အပိုင်း ၃။ ဘာသာရေးလွတ်လပ်ခွင့်အပေါ် လူ့အဖွဲ့အစည်း၏ လေးစားတန်ဖိုးထားမှု

ဗုဒ္ဓဘာသာကို မျက်နှာသာပိုပေးခြင်းနှင့် တောင်အာရှနွယ်ဖွား တိုင်းရင်းသားများ၊ အထူးသဖြင့် ရိုဟင်ဂျာလူမျိုးစုများအပေါ် လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်စွာ နှိမ်ချဆက်ဆံခြင်းတို့သည် ဗုဒ္ဓဘာသာဝင်လူများစုများနှင့် ခရစ်ယာန်နှင့် မူဆလင်လူနည်းစုများအကြား လူမှုရေးတင်းမာမှုများ ဖြစ်ပွားရခြင်း၏ အဓိကသော့ချက် ရင်းမြစ်အကြောင်းတရားများပင် ဖြစ်ကြသည်။ ဂျူးဆန့်ကျင်ရေးပြုမူဆောင်ရွက်မှုများရှိကြောင်းမူ မကြားသိရပါ။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်ရှိ ဗလီတစ်ခု အမိုးများပြုပြင်နေခြင်းကို ဆိုင်းငံ့ထားရန် ဖိအားပေးမှုပေါ်ပေါက်ခဲ့ပြီးနောက် ၄င်းဖြစ်ရပ်က အငြင်းပွားစရာ အကြောင်းရင်းဖြစ်လာခဲ့သည်။ ရန်ကုန်မြို့တော်ဝန် ယူအက်စ်ဒီပီ အမတ်လောင်းအောင်သိန်းလင်းက ရွေးကောက်ပွဲ၌ ၄င်းကိုထောက်ခံမည်ဆိုသော မူဆလင်အုပ်စုတစ်စု၏ သဘောတူညီမှုရရှိပြီးနောက် ပြင်ဆင်ခွင့်ကို ချပေးခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘာသာအုပ်စုများမှ သဘောမတူကြောင်း နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ထံ တိုင်ကြားစာပေးပို့ပြီးနောက် အာဏာပိုင်များက ခွင့်ပြုမိန့်ကို ဆိုင်းငံ့ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ထိုဗလီ၌ ခေါင်မိုးတစ်ချပ်မှ မရှိချေ။

အပိုင်း ၄။ အမေရိကန်အစိုးရ၏မူဝါဒ

အမေရိကန်အစိုးရသည် ဘာသာရေးလွတ်လပ်ခွင့်ကို လူ့အခွင့်အရေး အားပေးမြှင့်တင်ရန်ဟူသော ယေဘုယျမူဝါဒ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကျင့်သုံးပြီး လူ့အဖွဲ့အစည်းအတွင်းရှိ အလွှာတိုင်း၊ အစိတ်အပိုင်းတိုင်းတွင်ရှိသော အဆက်အသွယ်များကို သုံးကာ တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ယခုအစီရင်ခံစာတင်သွင်းစဉ်ကာလအတွင်း အမေရိကန်သံရုံးအရာရှိများသည် အစိုးရနှင့် စစ်ဘက်ဆိုင်ရာအာဏာပိုင်များ၊ တစ်သီးပုဂ္ဂလနိုင်ငံသားများ၊ ပညာရှင်များ၊ အခြားအစိုးရများ၏ကိုယ်စားလှယ်များ၊ နိုင်ငံတကာ စီးပွားရေးနှင့် မီဒီယာတို့မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး ဘာသာရေးလွတ်လပ်ခွင့် မြှင့်တင်ရေးသည် အရေးကြီးကြောင်း ဆွေးနွေးပြောဆိုခဲ့ကြသည်။ သံရုံးဝန်ထမ်းများသည် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မူဆလင်နှင့် ဂျူးဘာသာဝင်များ၊ တိုင်းရင်းသားလူနည်းစုများမှ ဘာသာရေးခေါင်းဆောင်များ၊ ဘာသာရေးကျောင်းများမှ တာဝန်ရှိသူများ၊ ဘာသာရေးဆိုင်ရာ အခြားဆက်စပ်အဖွဲ့အစည်းများနှင့် အင်န်ဂျီအိုများမှ တာဝန်ရှိသူများနှင့် ပုံမှန်တွေ့ဆုံမှုများရှိသည်။

အစိုးရက လွတ်လပ်စွာပြောဆိုမှု၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိမှု၊ စုရုံးမှု၊ သံတမန်ခရီးသွားလာမှုအပါအဝင် ရွှေ့ပြောင်းသွားလာမှုများအပေါ် တင်းကျပ်ကန့်သတ်ထားခြင်းကြောင့် ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးနှိမ်ဖောက်ဖျက်မှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် သက်ဆိုင်သော တိကျသည့် သတင်းအချက်အလက်များ အချိန်ကိုက်ရရှိရန် အလွန်ခက်ခဲသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ဆိုင်သော သတင်းအချက်အလက်များသည် ကိစ္စဖြစ်ပွားပြီး လပေါင်းများစွာ သို့မဟုတ် နှစ်အတန်ကြာမှရရှိတတ်ခြင်းကြောင့် အတည်ပြုရန် အလွန်ခက်ခဲ သို့မဟုတ် မဖြစ်နိုင်တော့ခြင်းများ မကြာခဏကြုံတွေ့ရလေ့ရှိသည်။

အစိုးရအာဏာပိုင်များ၏ တားမြစ်ပိတ်ပင်မှုမကြုံရသောအခါများတွင် သံရုံးတာဝန်ရှိသူများသည် ကွင်းဆင်းခြင်းနှင့် ခရီးသွားလာခြင်းတို့ပြုလုပ်၍ ပြည်တွင်းအင်နှိုင်းအိုများနှင့် ဘာသာရေးခေါင်းဆောင်များကို ကမ်းလှမ်းကူညီထောက်ပံ့မှုများ လုပ်ဆောင်သည်။ ထို့ပြင် သတင်းအချက်အလက်များ ရရှိရန်ခက်ခဲသော လူ့အခွင့်အရေးဆိုင်ရာအင်နှိုင်းအိုများနှင့် ဘာသာရေးခေါင်းဆောင်များအား အခြားနည်းဖြင့် သတင်းအချက်အလက်များ မျှဝေပေးသည်။ တိုင်းရင်းသားများနှင့် ဘာသာရေးအဖွဲ့များမှ ပုဂ္ဂိုလ်တို့ကို သံရုံးမှဖွင့်လှစ်ထားသော အမေရိကန်စင်တာတွင် အင်္ဂလိပ်စာသင်တန်းများနှင့် မျက်မှောက်ရေးရာ လေ့လာမှုများ တက်ရောက်သင်ယူစေသည်။ နိုင်ငံအတွင်း ဘာသာရေးလွတ်လပ်ခွင့်ချိုးဖောက်မှုနှင့် သက်ဆိုင်သော အမေရိကန်အစိုးရနှင့် အင်နှိုင်းအိုများ၏ ထုတ်ပြန်ကြေညာချက်များနှင့် အစီရင်ခံစာများကိုလည်း အချိန်မှန်ဖြန့်ဝေပေးလျက်ရှိသည်။ ထို့ပြင် အမေရိကန်သံရုံးသည် ပညာရေးနှင့် ဆရာဖြစ်လေ့ကျင့်သင်ယူရေး အစီအစဉ်များတွင် ဆောင်ရွက်နေကြသော ဗုဒ္ဓဘာသာ၊ ခရစ်ယာန်နှင့် မူဆလင် အင်နှိုင်းအိုများနှင့်လည်း နီးကပ်စွာ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံကို ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ "အထူးစိုးရိမ်ပူပန်ဖွယ်ရာနိုင်ငံ"အဖြစ် ၁၉၉၉ ခုနှစ်ကတည်းက သတ်မှတ်ထားခဲ့သည်။ မကြာလှသေးသော ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်ကမှ မြန်မာနိုင်ငံကို ယင်းစာရင်းထဲမှ ပြန်လည်ပယ်ဖျက်ခဲ့သည်။ အမေရိကန်အစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် မြန်မာနိုင်ငံကို ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ကျင့်သုံးလျက်ရှိသည်။ ၂၀၀၈ ခုနှစ်တွင် ဥပဒေကြမ်းတင်သွင်း၍ လက်မှတ်ရေးထိုးအတည်ပြုပြဋ္ဌာန်းထားသော "မြန်မာစစ်အစိုးရ၏ ဒီမိုကရေစီဆန့်ကျင်မှုအပေါ် တားမြစ်ပိတ်ပင်ရေး တွမ်လန်းတို့စ်ဥပဒေ"ကလည်း ရှိနှင့်ပြီး ပိတ်ဆို့အရေးယူမှုများကို ထပ်မံဖြည့်တင်းထားသည်။ အမေရိကန်အစိုးရသည် မြန်မာအစိုးရအပေါ် အခြားနိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများက ထောက်ပံ့ကူညီပေးခြင်းကိုလည်း ဆန့်ကျင်ကန့်ကွက်ပြီး အခြားနိုင်ငံများမှ အစိုးရများကိုလည်း အလားတူဆောင်ရွက်ကြရန် တွန်းအားပေးပြောဆိုမှုများပြုလုပ်သည်။ အမေရိကန်အစိုးရ၏ အရေးယူပိတ်ဆို့မှုများတွင် မြန်မာနိုင်ငံမှ သွင်းကုန်များကို တားမြစ်ပိတ်ပင်ခြင်း၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ မြန်မာနိုင်ငံ၌ ဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊ နှစ်နိုင်ငံအစိုးရချင်း အထောက်အပံ့ပေးမှုကို တားမြစ်ပိတ်ပင်ခြင်း၊ မြန်မာနိုင်ငံသို့ လက်နက်များတင်ပို့မှုကို တားမြစ်ပိတ်ပင်ခြင်း၊ အထူးဦးစားပေးဆက်ဆံမှုဆိုင်ရာ အခွင့်အရေးများကို ဆိုင်းငံ့ထားခြင်း၊ အမေရိကန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ပစ္စည်းတင်ပို့မှုတို့ကို အထောက်အပံ့ဖြစ်စေသော ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းနှင့် အမေရိကန် ပို့ကုန်သွင်းကုန်ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကိုဆိုင်းငံ့ထားခြင်း စသည်တို့ ပါဝင်သည်။ ထို့ပြင် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးမြှင့်တင်ရန် အားထုတ်မှုအားလုံးကို ရပ်ဆိုင်းထားသည်။ ထိပ်တန်း မြန်မာအစိုးရနှင့် စစ်ဘက်အရာရှိကြီးများ၊ ၄င်းတို့၏ သွေးသားရင်းမိသားစုဝင်များကို အမေရိကန်ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးမှုကိုလည်း ကန့်သတ်ထားသည်။ အမေရိကန်ပြည်ထောင်စုအတွင်း၌ ရှိနေသော နအဖအစိုးရ၏ပိုင်ဆိုင်မှုအရပ်ရပ်ကိုလည်း ထုတ်ယူခွင့်မရစေရန် ပိတ်ပင်ထားသည်။ ၁၉၉၇ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံသားများကို မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံ မပြုလုပ်ကြရန်လည်း တားမြစ်ပိတ်ပင်ထားပါသည်။